ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့ (19-12-2011) (၆၉၇၈)

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။



**ကြည့်ရှု စစ်ဆေး**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကွန်ပျူတာတက္ကသိုလ်(လားရှိုး)၌ ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

# ဉာဏ်ရည်ထက်မြက်၍ ပညာပြည့်ဝသော ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရန် ဆရာ၊ ဆရာမများက ကြိုးပမ်းပေးစေလို

# နိုင်ငံတော်အစိုးရအနေဖြင့် e-government စနစ် ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် ကြိုးစားတည်ဆောက်နေ

## အရည်အသွေးပြည့် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၏ လက်တွေ့အသုံးချနိုင်သော လုပ်အားများစွာ လိုအပ်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များလိုက်ပါလျက် ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(လားရှိုး)သို့ ရောက်ရှိကြသည်။**

ရှေးဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ပင်မသုံးထပ်စာသင်ဆောင်ကို အားဖြည့်ပြုပြင်တည်ဆောက်ထားမှုအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ကွန်ပျူတာတက္ကသိုလ် (လားရှိုး)တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ Language Lab အတွင်း ပညာသင်ကြားနေမှုနှင့် ပညာရည်တိုးတက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ခေတ္တကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာခိုင်ခိုင်ဦးက ကွန်ပျူတာတက္ကသိုလ်(လားရှိုး)၏ ကျောင်းဆိုင်ရာအချက်အလက်များ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကွန်ပျူတာတက္ကသိုလ်(လားရှိုး)၌ ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

### ယနေ့သတင်းအညွှန်း

**ပုံနှိပ်ကဏ္ဍ၌ နိုင်ငံတကာနှင့် ယှဉ်နိုင်အောင် နည်းလမ်းရှာကြံ ကြိုးပမ်းဆောင်ရွက်**
ပြည်တွင်းသတင်း စာမျက်နှာ - ၄

**နောက်ဆုံးအသုတ် အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်ခွာခြင်းနှင့်အတူ အီရတ်စစ်ပွဲ အဆုံးသတ်ပြီ**
နိုင်ငံတကာသတင်း စာမျက်နှာ - ၅

**ပြည်ပမှ ဝယ်ယူတင်သွင်းလာသော ယာဉ်များ ဆိပ်ကမ်း၌ လွယ်ကူလျင်မြန်စွာ ထုတ်ပေး**
ပြည်တွင်းသတင်း စာမျက်နှာ - ၆

## ကြေးမုံစာတည်းရှထောင့်

၁၉-၁၂-၂၀၁၁[တနင်္ဂနွေနေ့]။

# ဇွဲကိုပင်တည် မြဲကြဖို့ စိတ်ရင်းကောင်းနဲ့ ရည်

ဇွဲကိုပင်တည်---မြဲကြဖို့ စိတ်ရင်းကောင်းနဲ့ရည်---အမျိုးသား၊ အမျိုးသမီးတို့သည် ---အရာရာမျိုး၊ ကြံစည်ကာ တိုး---တို့ဗမာမျိုး ဖြိုးကြွယ်ဖို့ အတည်---ဇွဲ-ဇွဲ-ဇွဲရှိမှ အောင်နိုင်မည်---ဆိုသော ခေတ်ဟောင်းနာမည်ကြီး အဆိုတော်တစ်ဦး၏ ဇွဲသီချင်းမှစာသားများကို မှတ်မိနေသည်။ လုံ့လ ဝီရိယ ဇွဲကို မြဲအောင် စွဲအောင် တိုက်တွန်းထားခြင်း ဖြစ်သည်။

လူတိုင်း လူတိုင်း ငယ်ရွယ်စဉ် ပညာသင်ကြားတတ်မြောက်သည်မှ စနစ်တကျ နေတတ်ထိုင်တတ် အလေ့အကျင့် ရှိလာသည့်အခါ ဘဝခရီးကို လျှောက်လှမ်းရန် လွယ်ကူပေလိမ့်မည်။ လူတိုင်းတွင် မျှော်မှန်းချက်များရှိရာ အောင်မြင်မှုရရှိရန် ကြိုးပမ်းနိုင်သည်။ နောက်ကျသည်ဟူ၍မရှိဘဲ လုပ်တတ်ကိုင်တတ်၍ လမ်းကြောင်းမှန်လျှင် အခြေအနေမှန်သို့ ရောက်နိုင်သော အခွင့်အလမ်းရှိသည်။ မိမိဘဝကို ထူထောင်လိုလျှင် အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခုကို မလွဲမသွေ လုပ်ကိုင်ရန်လိုအပ်သည်။

ယင်းသို့ ကြိုးပမ်းလုပ်ဆောင်ရာတွင် အကောင်းဘက်သို့ ဦးတည်ရောက်ရှိစေရန် အမြဲတစေ အားထုတ်နေရပေမည်။ အကျိုးနှင့်အပြစ်ကို ခွဲခြားနိုင်းယှဉ်ပြီး အသိအလိမ္မာရရှိစေမည့် ထိန်းကွပ်သတိပေးနိုင်သော ပတ်ဝန်းကျင်ကောင်းလည်း ရှိရပေမည်။ "မြင်းကောင်း ကြိမ်မကျွာ၊ ကြက်ကောင်း ကြိုးမကျွာ" ဆိုသကဲ့သို့ သွန်သင်ဆုံးမ နည်းပေးလမ်းပြမှုလည်း ရှိရမည်ဖြစ်သည်။

လူ့ဘဝတွင် လူမှုပတ်ဝန်းကျင်၏ လှုံ့ဆော်ဂယက်ရိုက်မှုများနှင့် တွေ့ကြုံကြရသည်။ ပတ်ဝန်းကျင်ဟူသည် မိမိက ပြုလုပ်ဖန်တီးပေးနိုင်သော ပတ်ဝန်းကျင်နှင့် အလိုအလျောက် ဖြစ်တည်လွှမ်းမိုးနေသော ပတ်ဝန်းကျင်ဟူ၍ နှစ်မျိုးရှိသည်။ အလိုအလျောက်ဖြစ်တည်နေသော ပတ်ဝန်းကျင်သည် လိုလားဖွယ်မရှိလျှင် လူက စွန့်ပယ်ရမည်။ ကင်းကွာအောင် နေရပေမည်။ ပြုပြင်ဖန်တီး၍ရနိုင်သော ပတ်ဝန်းကျင်ဖြစ်ဘိမူ မိမိဖြစ်လိုရာ ရပ်တည်လိုရာ ပတ်ဝန်းကျင်ကို ဖန်တီးယူရမည်သာ ဖြစ်သည်။

ဘဝဟူသည် အခက်အခဲကျော်လွှားရသော ပြေးပွဲတစ်ခု၊ ဝက်ပါ အကွေ့အကောက်များကို ဖြတ်သန်းနေရသော ခရီးတစ်ခုဟု ဆိုနိုင်သည်။ အပင်ပန်းမခံဘဲ လိုရာခရီးသို့ မရောက်နိုင်။ နွေကန္တာခရီးကို ရေဘူးမပါဘဲ မသွားအပ်သကဲ့သို့ ဇွဲမရှိဘဲ ဘဝခရီးကို လွယ်ကူစွာ သွားလာနိုင်မည် မဟုတ်ပေ။ ဘဝအတွေ့အကြုံ အခက်အခဲတို့ကို ကိုယ်တိုင်သွား၊ ကိုယ်တိုင် လုပ်ကြည့်သည့်အခါ တိတိပပ သိလာပေလိမ့်မည်။

လှေကားကိုတက်လျှင် အောက်ခြေကစ၍ တက်ရပေသည်။ ဘဝကို စကတည်းက ပန်းခင်းလမ်းဖြစ်မည်ဟု မျှော်လင့်၍မရနိုင်။ ဒုက္ခဆင်းရဲနှင့်ချည်း တွေ့ကြုံရမည်မဟုတ်သကဲ့သို့ သုခချမ်းသာနှင့်လည်း တွေ့ကြုံနိုင်သည်။ စိတ်အားငယ်ခြင်း၊ အလျှော့ပေးခြင်း၊ စိတ်ပျက်လွယ်ခြင်းတို့သည် ဇွဲသတ္တိနှင့် ဆန့်ကျင်ဘက်အစွန်းများ ဖြစ်သည်။ မည်သူမဆို လူ့ဘဝတွင် ဘဝခရီးသည် မည်မျှပင်ကွေ့ကောက်ကြမ်းတမ်းပါစေ၊ ဆူးငုတ်ခလုတ် ထူပြောပါစေ၊ ဇွဲ လုံ့လ ဝီရိယအပြည့်ဖြင့် ကြိုးပမ်းလျှောက်လှမ်းခြင်းဖြင့် အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းပါသည်။ ။

# ထိုင်းဘုရင့်မြေးတော် ရန်ကုန်မြို့သို့ရောက်ရှိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံ ပိဋကတ်တော်များ ဆက်ကပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ထိုင်းနိုင်ငံမှ ထိုင်းဘုရင့်မြေးတော် H.R.H Princess Bajrakitiyabha နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Kallayana Vipattipumiprates နှင့် သံရုံးမိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ထိုင်းဘုရင့်မြေးတော်နှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်သို့ သွားရောက်ကြပြီး ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံ ရိုမန်အက္ခရာမှု ပိဋကတ်တော်အုပ်ရေ ၄၀ နှင့် ထိုင်းဘာသာဖြင့် ပိဋကတ်တော်အုပ်ရေ ၄၀ စုစုပေါင်း အုပ်ရေ ၈၀ ကို ထိုင်းဘုရင့်မြေးတော်က ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ထိုင်းဘုရင့်မြေးတော်က ပိဋကတ်တော်စာအုပ်များ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ထိုင်းဘုရင့်မြေးတော်သည် မဟာပါသာဏလိုဏ်ဂူတော်၌ ညှိသည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး လိုဏ်ဂူအတွင်း လှည့်လည်ကြည့်ရှုသည်။

ထိုင်းဘုရင့်မြေးတော်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ (သတင်းစဉ်)



**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံ ရိုမန်အက္ခရာမှု ပိဋကတ်တော်အုပ်ရေ ၄၀ နှင့် ထိုင်းဘာသာဖြင့် ပိဋကတ်တော်အုပ်ရေ ၄၀ တို့ကို ထိုင်းဘုရင့်မြေးတော် H. R. H Princess Bajrakitiyabha က ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၁၂-၂၀၁၁ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇:၀၃ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ ဓမ္မပူဇာတေး
၇:၂၅ ၄။ မျိုးချစ်တပ်မတော်
၇:၃၀ ၅။ မြန်မာ့ရှုခင်း
၇:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ ဇာတ်လမ်းတို

**ညပိုင်း**

၄:၀၂ ၁။ နိုင်ငံတော်သီချင်း
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ စိုက်ပျိုးသုတ
၄:၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၅ ၆။ မှတ်တမ်း
၄:၄၅ ၇။ ဗွီစီဒီကျော်ကြားတေး
၅:၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၆၃)**
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၃၈)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဒို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ Talk of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၂၂)**
၂၃။ Mini Series

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၈-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၃၁၀၀ | ၀. ၀၃၁၉၄ |
| တရုတ် (ယွမ်) | ၆. ၃၄၇၅၀ | ၀. ၁၅၇၅၄ |
| အိန္ဒိယ (ရူပီး) | ၅၂. ၅၂၅၀ | ၀. ၀၁၉၀၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၇၇၀၀ | ၀. ၃၁၄၇၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၀၅၁၅ | ၀. ၇၆၆၂၀ |
| ဂျပန် (ယန်း) | ၇၇. ၅၇၀၀ | ၀. ၀၁၂၈၉ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၈. ၅၀ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၆၆၃၇ | ၁. ၃၀၄၈၅ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၃၂၁ | ၁. ၅၅၄၇၀ |

*အင်တာနက်။*

## ပြည်တွင်းဈေးကွက်စီးပွား

နိုင်လင်းကြည်(ကြေးမုံ)

ပဲမျိုးစုံဈေးကွက်တွင် အရောင်းအဝယ်နှင့် အရည်အသွေးကောင်းမွန်မှုကြောင့် ယခင်အပတ်ကထက် ဈေးနှုန်းတက်လာခဲ့သလို စားသုံးဆီဈေးကွက်နှင့် စားသောက်ကုန်ဈေးကွက်များတွင်လည်း ဈေးနှုန်းပြောင်းလဲမှုအမျိုးမျိုး ဖြစ်ပေါ်ခဲ့သည်။

**မတ်ပဲ**။ ။ မုံရွာဈေးကွက်တွင် (တစ်တန်ဈေးနှုန်း) ငွေကျပ် ၄၄၃၉၀၀၊ ပြည်ဈေးကွက်တွင် ငွေကျပ် ၄၄၃၉၀၀နှင့် ဟသ်ာတဈေးကွက်တွင် ငွေကျပ် ၄၄၇၀၀၀ တို့ဖြစ်ကြသည်။

**ပဲတီစိမ်း**။ ။ မန္တလေးဈေးကွက်တွင် ပဲတီစိမ်း(တစ်တန်ဈေးနှုန်း) ငွေကျပ် ၅၆၅၈၀၀နှင့် မုံရွာဈေးကွက်တွင် ငွေကျပ် ၄၉၉၇၀၀ တို့ဖြစ်သည်။

**ပဲစင်းငုံ(နီ)**။ ။ မန္တလေးဈေးကွက် တွင် (တစ်တန်ဈေးနှုန်း) ငွေကျပ် ၄၁၃၃၀၀၊ မုံရွာဈေးကွက်တွင် ငွေကျပ် ၄၁၃၃၀၀ နှင့် ပခုက္ကူဈေးကွက်တွင် ငွေကျပ် ၄၂၅၆၀၀ တို့ဖြစ်သည်။

**ပဲဆီ**။ ။ ရောင်းအားအကောင်းဆုံး ဈေးကွက်ဖြစ်ပြီး ဈေးကွက်လိုက်၍ ဈေးနှုန်းအမျိုးမျိုးရှိခဲ့ရာ ရန်ကုန်၊ မကွေးနှင့် စစ်တွေဈေးကွက်များတွင် ပဲဆီ(တစ်ပိဿာဈေးနှုန်း) ငွေကျပ် ၃၆၀၀ ကျော်၊ မန္တလေးဈေးကွက်တွင် ငွေကျပ် ၃၂၀၀၊ မုံရွာနှင့် ပဲခူးဈေးကွက်များတွင် ငွေကျပ် ၃၄၀၀ တို့ဖြင့် ပေါက်ဈေး အသီးသီးဖြစ်ပေါ်ခဲ့သည်။

**နှမ်းဆီ**။ ။ နှမ်းဆီတစ်ပိဿာဈေးနှုန်းများမှာ ရန်ကုန်၊ မကွေးနှင့် တောင်ကြီးဈေးကွက်များတွင် ငွေကျပ် ၂၇၀၀၊ မန္တလေးနှင့် မုံရွာဈေးကွက်တွင် ငွေကျပ် ၂၃၀၀ ဝန်းကျင်နှင့် ပဲခူးနှင့် စစ်တွေဈေးကွက်များတွင် ငွေကျပ် ၃၀၀၀ ဝန်းကျင်တို့ ဖြစ်ကြသည်။

**စားအုန်းဆီ**။ ။ ရန်ကုန်နှင့် ပဲခူးဈေးကွက်တွင် (တစ်ပိဿာဈေးနှုန်း) ငွေကျပ် ၁၇၀၀၊ မန္တလေး၊ မကွေးနှင့် မုံရွာဈေးကွက်များတွင် ငွေကျပ် ၁၈၀၀ ဝန်းကျင်နှင့် တောင်ကြီးနှင့် စစ်တွေဈေးကွက်များတွင် ငွေကျပ် ၂၀၀၀ စသည်ဖြင့် စားအုန်းဆီဈေးကွက် အသီးသီး၌ အရောင်းအဝယ်များ ဖြစ်ပေါ်ခဲ့သည်။

**ကြက်သွန်နီ**။ ။ ကြက်သွန်နီ တစ်ပိဿာ ဈေးနှုန်းများမှာ ရန်ကုန်၊ မန္တလေးနှင့် ပြည်ဈေးကွက်များတွင် ငွေကျပ် ၇၀၀၊ မုံရွာ၊ မကွေး၊ ပခုက္ကူနှင့် ပဲခူးဈေးကွက်များတွင် ငွေကျပ် ၆၀၀ နှင့် တောင်ကြီးနှင့် စစ်တွေဈေးကွက်များတွင် ငွေကျပ် ၁၀၀၀ အထိ ရှိခဲ့သည်။

**ကြက်သွန်ဖြူ**။ ။ ရန်ကုန်နှင့် မုံရွာဈေးကွက်များတွင် တစ်ပိဿာငွေကျပ် ၃၀၀၀ ဝန်းကျင်နှင့် မန္တလေး၊ မကွေး၊ ပခုက္ကူ၊ ပဲခူးနှင့်စစ်တွေ ဈေးကွက်များတွင် တစ်ပိဿာငွေကျပ် ၂၅၀၀ ခန့်တို့ဖြင့် ပေါက်ဈေးများ ရှိခဲ့သည်။

# ဘာသာရပ်ထူးချွန်ဆု မြို့နယ်အဆင့်စာမေးပွဲ ကျင်းပ

**ရမည်းသင်း ဒီဇင်ဘာ ၁၈**

ရမည်းသင်းမြို့နယ် ပညာရေးဌာနက ကြီးမှူးကျင်းပသည့် ကကစ (၁၁)အုပ်စုရှိ အခြေခံပညာကျောင်းများမှ စတုတ္ထတန်းနှင့် အဋ္ဌမတန်း သင်္ချာနှင့် အင်္ဂလိပ် ဘာသာရပ်များထူးချွန်သည့်ကျောင်းသား၊ ကျောင်းသူများရွေးချယ်ရေး စာမေးပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ရမည်းသင်းမြို့ ဝါတိုးအရှေ့ရပ် မူလတန်းကျောင်း၌ ကျင်းပသည်။

သင်္ချာနှင့် အင်္ဂလိပ်စာဘာသာရပ်များတွင် ကျောင်းသား၊ ကျောင်းသူ ၁၃၂ ဦး ဝင်ရောက်ဖြေဆိုကြသည်။ စတုတ္ထတန်းအဆင့်တွင် သင်္ချာနှင့် အင်္ဂလိပ်စာထူးချွန်သူ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးနှင့် အဋ္ဌမတန်းတွင် ထူးချွန်သူ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး ပေါင်း ၂၀ အား ရွေးချယ်သွားမည် ဖြစ်သည်။

မြို့နယ်အဆင့်မှ အောင်မြင်ကြသူများသည် ဒီဇင်ဘာလတွင် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။ (၁၁၅)



**ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ဦးစီးဦးဆောင်ဖွင့်လှစ်ထားသော ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းသို့ ရန်ကုန်မြို့ သံလွင်လမ်းနေ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီနှင့် သားသမီးမြေးမြစ်များ (ရွှေပုစွန်မိသားစု)က အလှူငွေကျပ် သိန်း ၁၀၀ အား အသင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ လှူဒါန်းစဉ်။** (ကြေးမုံ)

# ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန်တို့ လားရှိုးမြို့ ကန်မိမ်းကျောင်းဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

※ရှေ့ဖုံးမှ

တည်နေရာနှင့် အကျယ်အဝန်း၊ ကျောင်းသမိုင်းအကျဉ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ကွန်ပျူတာတက္ကသိုလ်(လားရှိုး)သည် ပြင်ပပုံသဏ္ဌာန်အရ အလွန်ခံ့ညားထည်ဝါပြီး မိမိတို့ရောက်ရှိခဲ့သည့် နည်းပညာတက္ကသိုလ်(လားရှိုး)သည်လည်း အလားတူပင်ဖြစ်ကြောင်း၊ ဤမျှ ခံ့ညားထည်ဝါသည့် တက္ကသိုလ်များက မွေးထုတ်ပေးလိုက်သော ကျောင်းသား၊ ကျောင်းသူများသည်လည်း ဉာဏ်ရည်ဉာဏ်သွေးထက်မြက်၍ ပညာအရည်အချင်းပြည့်ဝသော ကျောင်းသား၊ ကျောင်းသူများဖြစ်စေရန် ဆရာ၊ ဆရာမများက ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဤတက္ကသိုလ်တွင် ဆရာနှင့် ကျောင်းသားဦးရေအချိုးမှာ (၁ း ၅)သာရှိ၍ သေချာစွာ ထိထိရောက်ရောက် လက်ထပ်သင်ကြားပို့ချနိုင်ရေးအတွက် အလွန်ကောင်းမွန်သည့် အချိုးအစားဖြစ်ကြောင်း။

ကွန်ပျူတာတက္ကသိုလ်များမှ ဘွဲ့ရများသည် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် မည်မျှဆောင်ရွက်နိုင်စွမ်းရှိသည်၊ မည်မျှဦးဆောင်ဦးရွက်ပြုနိုင်သည် စသည့်အချက်များနှင့် တိုင်းတာလျှင် သက်ဆိုင်ရာ ပညာရပ်နယ်ပယ်များတွင် ကျွမ်းကျင်ပိုင်နိုင်သူ နည်းပါးနေသေးသည်ကို တွေ့မြင်နေရကြောင်း။

ယနေ့ခေတ်ကာလတွင် IT နည်းပညာကြောင့် ကမ္ဘာကြီးရွာငယ်ဖြစ်လာပြီး ပြင်ပလောကနယ်ပယ်တွင်လည်းကောင်း၊ အစိုးရလုပ်ငန်းဌာနများတွင်လည်းကောင်း ကွန်ပျူတာပညာ အပြည့်အဝအသုံးချနိုင်သည့် ပုဂ္ဂိုလ်၊ ဌာနများကသာ လုပ်ငန်းများ ပိုမိုလျင်မြန်တိုးတက်အောင် လုပ်ဆောင်နိုင်သည်ကိုတွေ့မြင်ရကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့်လည်း e-government စနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် ကြိုးစားတည်ဆောက်နေကြောင်း၊ မိမိအခန်းအတွင်း၌ နေထိုင်ပြီး မည်သည့်နေရာ မည်သို့ဖြစ်နေသည်ကို သိလိုသည့် သတင်းအချက်အလက်အား အပြည့်အဝရရှိနိုင်သည့် အခြေအနေအထိ မရောက်ရှိနိုင်သေးကြောင်း၊ ကွန်ပျူတာတက္ကသိုလ်များမှ ဆရာ၊ ဆရာမများအပါအဝင် မွေးထုတ်ပေးလိုက်သော အရည်အသွေးပြည့် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၏ လက်တွေ့အသုံးချနိုင်သော လုပ်အားများစွာ လိုအပ်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် မြေပေါ်မြေအောက်၊ ရေအောက်သယံဇာတ အလွန်ကြွယ်ဝသည်ဟု မကြာခဏ ပြောကြားလေ့ရှိသော်လည်း သယံဇာတများကို အကျိုးစီးပွားဖြစ်အောင် ထုတ်ယူသုံးစွဲနိုင်စွမ်းရှိသည့် နည်းပညာမပြည့်စုံခြင်းကြောင့် ယခုအချိန်အထိ တိုးတက်ဖွံ့ဖြိုးသော၊ ချမ်းသာကြွယ်ဝသော နိုင်ငံမဖြစ်သေးကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍတွင် အရည်အသွေးကို မြှင့်တင်ပေးနိုင်ရန် ယခင်ပညာသင်နှစ်ကာလများအား ပထမနှစ်မှစတင်၍ တစ်နှစ်ထပ်မံ တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများက အရည်အသွေး ပိုမိုမြင့်မားလာကြစေရန်လည်း လိုအပ်ကြောင်း၊ ဆရာ၊ ဆရာမများ၏ သင်ကြားမှုစနစ်များအပေါ်မူတည်၍ ကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေးကို မြှင့်တင်ပေးသွားနိုင်မည်ဖြစ်ကြောင်း။

အချို့နိုင်ငံများသည် လူဦးရေနည်းပါးခြင်း၊ သယံဇာတထွက်ကုန် မရှိခြင်းတို့ဖြင့် ကြုံတွေ့နေရသော်လည်း နည်းပညာ၊ အတတ်ပညာမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်ကို ထိထိရောက်ရောက် မြှင့်တင်အသုံးချနိုင်ခဲ့၍ တတိယကမ္ဘာမှ ရုန်းထွက်နိုင်ပြီး ပထမကမ္ဘာအတွင်းသို့ပင် ချင်းနင်းဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာမြေပုံပေါ်တွင် အစက်အပြောက်ငယ်အဖြစ်သာ မြင်တွေ့နေရသည့် နိုင်ငံအဖြစ်မှ နည်းပညာတတ်ကျွမ်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ် အင်အားတောင့်တင်းခြင်းတို့ကြောင့် စက်မှုထုတ်ကုန်များစွာတို့ဖြင့် အင်အားတောင့်တင်းသော နိုင်ငံအဖြစ်သို့ ရောက်ရှိသွားခြင်းဖြစ်ကြောင်း။

ယခုအခြေအနေတွင် စီးပွားရေးတောင့်တင်းခိုင်မာမှုသာ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးတောင့်တင်းခိုင်မာရန် လိုအပ်ချက်များအနက် ကွန်ပျူတာပညာရည် မြင့်မားခြင်းသည် လိုအပ်ချက်တစ်ရပ် ဖြစ်လာသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများ ယခုသင်ကြားနေသည့် ခံ့ညားထည်ဝါသော ကွန်ပျူတာတက္ကသိုလ် (လားရှိုး) အဆောက်အအုံကဲ့သို့ ဆရာ၊ ဆရာမတို့၏ တပည့်သားသမီးများကိုလည်း အရည်အချင်း၊ အရည်အသွေး ခန့်ညားထည်ဝါသည့် ပုဂ္ဂိုလ်များဖြစ်အောင် သင်ကြားပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားအထောက်အကူပစ္စည်းများ၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက Sky Net ရုပ်သံဖမ်းစက် နှစ်စုံတို့ကို ခေတ္တကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ကွန်ပျူတာတက္ကသိုလ် (လားရှိုး)တွင် နှစ်အလိုက်ပညာသင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(လားရှိုးမြို့)သို့ ရောက်ရှိပြီး ဒုတိယသမ္မတသည် ကျောင်းခန်းမ၌ လူငယ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာများ၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်နန်းငွေလှနှင့် ဆရာမများ၊ ကျောင်းသားများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား သင်တန်းကျောင်းမှ ကျောင်းသားများက "ပြည်ထောင်စုအတွက်ထာဝစဉ်" သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် ကျောင်းအုပ်ကြီး ဦးသန်းအောင်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (လားရှိုး)ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတအား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက သင်တန်းကျောင်းများ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ နိုင်ငံတစ်ဝန်းဖွင့်လှစ်မှု၊ အိမ်တွင်းမှုကျောင်းများ ဖွင့်လှစ်ရခြင်းနှင့် သင်တန်းပြီးမြောက်၍ ဘွဲ့ရသည့်ကျောင်းသားများ နိုင်ငံ့တာဝန် ထမ်းဆောင်မှုတို့နှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လူဦးရေသန်းပေါင်း ၆၀ ခန့်အနက် တိုင်းရင်းသားလူမျိုးများစွာ ဥမကွဲသိုက်မပျက် စုပေါင်းနေထိုင်လျက်ရှိကြောင်း၊ လွတ်လပ်ရေးရပြီးချိန်မှစ၍ ယခုအချိန်အထိ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရခြင်း အကြောင်းရင်းအမျိုးမျိုးရှိသည့်အနက် တိုင်းရင်းသားလူမျိုးများအရေးကိစ္စသည်လည်း အဓိကအချက်တစ်ချက်အဖြစ် ပါဝင်လျက်ရှိကြောင်း၊ ယခုကဲ့သို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်(၆)ရပ်အနက် တိုင်းရင်းသား လူမျိုးပေါင်းစုံ၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးစံများကို ပိုမိုနားလည်လာအောင်၊ တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးချစ်ခင် ယုံကြည်စိတ်ချမှုများ ဖြစ်ပေါ်လာစေသည့် ရည်ရွယ်ချက်သည်လည်း ပါဝင်ကြောင်း၊ ဤကဲ့သို့ ကောင်းမြတ်သော ရည်ရွယ်ချက်များနှင့်အညီ တိုင်းရင်းသားလူငယ် ကျောင်းသားများက စည်းကမ်းတကျ နေထိုင်ကျင့်ကြံပြီး ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား၊ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်ကြရန် ကြိုးစားသွားကြစေလိုကြောင်း။

ဤကျောင်းသားများသည် နောင်တစ်ခေတ်တွင် တိုင်းပြည်ကို ဦးဆောင်နိုင်သည့်၊ မိမိဒေသကို ဦးဆောင်နိုင်သည့် ပုဂ္ဂိုလ်များဖြစ်လာသည်အထိ ကြိုးစားအားထုတ် သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အလှူငွေ ပေးအပ်လှူဒါန်းပွဲကိုကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားပစ္စည်းများ၊ လားရှိုးမြို့ပေါ်ရှိ မိဘမဲ့ဂေဟာကျောင်းများအတွက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက Sky Net ရုပ်သံဖမ်းစက် အစုံ ၂၀၊ ကမ္ဘောဇဘဏ်လီမိတက်၊ လွယ်ဟိန်းကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ၊ တာမိုးညဲချမ်းသာကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ ယူနိုက်တက်အမရာဘဏ်တို့က ကျောင်းငွေပဒေသာပင် ငွေကျပ်သိန်း ၂၀၀၊ Max Myanmar Co.,Ltd. မှ ငွေကျပ်သိန်း ၂၀၀ တို့ကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သင်တန်းသားများ၏ အိပ်ဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်သို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေ ရချမ်း၊ သစ်သီးကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် စေတီတော်အတွင်း လှည့်လည်ကြည်ညိုပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မဟာမုနိနှီးဘုရားသို့ ရောက်ရှိကြပြီး နှီးဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးသည် မန်ဆူရှမ်းကျောင်းဆရာတော် ဘဒ္ဒန္တပုညနန္ဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် လားရှိုးမြို့ ကန်မိမ်းကျောင်း ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကြပြီး ကန်မိမ်းကျောင်းဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးတို့သည် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကမ္ဘောဇဘဏ်လီမိတက်၊ ယူနိုက်တက်အမရာဘဏ်၊ အေးရှားဝေါလ်ကုမ္ပဏီ၊ လွယ်ဟိန်းကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ၊ တာမိုးညဲချမ်းသာကုမ္ပဏီတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကန်မိမ်းကျောင်းအတွက် အလှူငွေကျပ်သိန်း ၆၀၀ ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်စန်မန်းထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန်၊ အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှ ပေးဝေကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကန်မိမ်းကျောင်း ပြန်လည်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

# ဈေးကွက်စီးပွားရေးစနစ်ကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး နိုင်ငံတကာအဆင့်မီ Call Center ဖွင့်လှစ်

ယနေ့ မျက်မှောက်ခေတ်ကာလ နည်းပညာများ ဖွံ့ဖြိုးတိုးတက်နေသော သိပ္ပံနှင့် နည်းပညာခေတ်ကြီးတွင် ဆက်သွယ်ရေး နည်းပညာများသည် တစ်နေ့တခြား စက္ကန့်နှင့်အမျှ အံ့မခန်းဖွံ့ဖြိုးတိုးတက်ပြောင်းလဲလျက်ရှိနေသည်။

ယခုအခါ ဆက်သွယ်ရေးစနစ်ဖြင့် ဈေးကွက်စီးပွားရေးစနစ်များ ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်၍ အဆင့်မြင့်မားလာစေရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်နှင့် Blue Ocean Operating Management ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၌ ပထမဦးဆုံးအဖြစ် Yatanarpon Call Center တစ်ခုကို အမှတ်(၃၆၁) စမ်းချောင်းမြို့နယ် ပြည်လမ်း ဟံသာဝတီအဝိုင်းအနီး၌ ဒီဇင်ဘာ ၁၇ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ Call Center ကို နိုင်ငံတော်၏ဆက်သွယ်ရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံတွင် ပထမဆုံးတည်ထောင်ခြင်းဖြစ်ပြီး Contact Center တစ်ခု ထူထောင်ထားခြင်းဖြင့် ပြည်သူများအနေဖြင့် မိမိတို့သိရှိလိုသည်များကို အချိန်ကုန်ခံ လူပင်ပန်းခံစရာမလိုဘဲ တစ်နေရာတည်းသို့ ဆက်သွယ်မေးမြန်းရုံဖြင့် မိမိတို့သိရှိလိုသည့်အချက်များကို လွယ်ကူစွာ သိရှိစေနိုင်မည်ဖြစ်သည်။

ရတနာပုံ Call Center နှင့် ပတ်သက်၍ Call Center မှ တာဝန်ရှိသူတစ်ဦးက ပြောပြရာတွင် "ကျွန်မတို့ Call Center မှာ Seat ၂၄၀ နဲ့ အရည်အချင်းပြည့်မီတဲ့ Operator တွေက ၂၄ နာရီပတ်လုံး မေးမြန်းလာတဲ့ ဖုန်းအဝင်၊ အထွက်တွေကို ဝန်ဆောင်မှုအနေဖြင့် လက်ခံဆောင်ရွက်ပေးနေပါတယ်။ Call Center က ဖုန်းအဝင်နဲ့အထွက်ကို လွဲချော်မှုမရှိအောင် လုပ်ဆောင်ပေးနေပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် အချိန်ကုန်လူကုန်မဖြစ်စေဘဲ ကုန်ကျစရိတ် သက်သာစွာနဲ့ သူတို့ရဲ့ လုပ်ငန်းတွေကို တွင်ကျယ်စွာ လုပ်ပေးနိုင်တာဟာ ဒီ Call Center ပါပဲ။ Inbound Service အနေနဲ့ကုမ္ပဏီတွေရဲ့ ထုတ်ကုန်ပစ္စည်းတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို သုံးစွဲသူ Customer တွေသိအောင်Call Center Agent တွေကတစ်ဆင့် ဆက်သွယ်ဖြေကြားပေးနိုင်လို့ ဝန်ဆောင်မှုကို ပိုမိုကျယ်ပြန့်အောင် လုပ်နိုင်မှာပါ။ ဒါ့အပြင် စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ငွေကုန်သက်သာပြီး ကုန်ပစ္စည်းတွေကို ဈေးကွက်ထဲကို ထိထိမိမိ ရောက်ရှိစေနိုင်တဲ့ one to one တယ်လီဖုန်းနဲ့ ရောင်းချတဲ့ Telemarketing တစ်ခုလို့လည်းဆိုနိုင်ပါတယ်။ ဒါ့အပြင် ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းတွေရဲ့ Booking နဲ့ Reservation တွေကိုလည်း တစ်ပြေးညီ လုပ်ကိုင်ဆောင်ရွက်ပေးနိုင်တဲ့အတွက် ထိုင်ရာကမထဘဲ မိမိရဲ့ စီးပွားရေးကို ခေတ်မီနည်းပညာ အထောက်အကူနဲ့ ဖွံ့ဖြိုးလာအောင် လုပ်ဆောင်သွားနိုင်မှာဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့ စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံးအတွက် အကျိုးရှိမှာပါ" ဟု ပြောပြသည်။

## သတင်းမှတ်စု

## သာညဏ်

မြန်မာနိုင်ငံ၏ ပထမဆုံးသော Call Center သည် အများပြည်သူများ၏ လူနေမှုဘဝပုံစံများ တိုးတက်မြင့်မားလာစေရန် ဖြည့်ဆည်းပေးမည်ဖြစ်ပြီး တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက်အကူပြုသွားနိုင်မည် ဆိုသည်မှာ ဧကန်အမှန်ပင်ဖြစ်ပါတော့သည်။ ။

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၁၂-၂၀၁၁ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်) |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၁၀ | ၇။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈း၂၀ | ၈။ | တေးဂီတအစီအစဉ် |
| ၈း၃၀ | ၉။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၈း၄၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | အတီးပြိုင်ပွဲ |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | အကပဒေသာ |
| ၄း၂၀ | ၃။ | တေးဂီတအစီအစဉ် |
| ၄း၃၀ | ၄။ | "စက်မှုဇုန်မှာ ကျွန်မစက်ရုံလာတည်တော့မယ်" |
| ၄း၄၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ) |
| ၄း၅၅ | ၆။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၀၅ | ၇။ | တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း) |
| ၅း၁၅ | ၈။ | မြန်မာစာ၊ မြန်မာစကား |
| ၅း၃၀ | ၉။ | မြန်မာတေးသံရှင်ရွေးချယ်ပွဲ |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၂။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၇း၀၀ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယတွဲ) (အပိုင်း-၂၆)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | ကမ္ဘာကျော်သရုပ်ဆောင်များ |
| | ၁၈။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၉)** |
| | ၁၉။ | **အိန္ဒိယရုပ်ရှင် "လောဘသားကောင်ရဲ့ မရဏကစားပွဲ" (အပိုင်း-၂)** |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

# အခြေခံဥပဒေသစ်နှင့်အညီ ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ခေတ်မီနိုင်ငံသစ်တည်ဆောက်နေ

# နိုင်ငံသစ်ထူထောင်သည့်အခါ၌ ကဏ္ဍစုံတိုးတက်လာမှု ဤရည်မှန်းချက်အောင်မြင်မှာဖြစ် ပုံနှိပ်ကဏ္ဍ၌လည်း နိုင်ငံတကာနှင့်ယှဉ်နိုင်အောင် နည်းလမ်းရှာကြံ ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၈

**မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေးပြီး အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အမှာစကားပြော**

ရှေးဦးစွာ အစည်းအဝေးသဘာပတိ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ ဤအသင်းကြီးအနေဖြင့် အသင်းကြီးဖွံ့ဖြိုးတိုးတက်ရေး၊ အသင်းကြီး၏ လုပ်ငန်းများ အောင်မြင်ရေးတို့အတွက် လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးကြပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အပြီးသတ် ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရကြောင်း၊ အမှုဆောင်သစ်ရွေးချယ်ရေး လုပ်ငန်း၊ အသင်းကြီး၏ရှေ့ဆက်လက် အကောင်အထည်ဖော်သည့် လုပ်ငန်းများတွင် ဤအစဉ်အလာကောင်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းတို့သည် ၂၀၀၅ ခုနှစ်က စတင်ဆက်စပ်ဆောင်ရွက်ခဲ့ကြောင်း၊ ဤအသင်းကြီး၏ အစဉ်အလာကို ပြန်ကြည့်လျှင် အဓိက(၃)ချက်ကို တွေ့ရကြောင်း၊ ပထမအချက်မှာ ဤအသင်းကြီးသည် တစ်ဖက်တွင် စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း စာပေ၊ လူမှုရေးလုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်နေသည့် အသင်းဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတော်အစိုးရနှင့် အစဉ်အမြဲပူးပေါင်းလျက် အမျိုးသားရေးကို အခြေခံပြီး ဆောင်ရွက်သည့် အစဉ်အလာရှိခဲ့ကြောင်း။

ဒုတိယအချက်အနေဖြင့် ဤအသင်းကြီးသည် အခြားသောမိတ်ဖက် NGO အဖွဲ့အစည်းများ၊ ညီနောင် အသင်းများနှင့်လည်း သဟဇာတမျှတစွာ ပူးပေါင်းဆောင်ရွက်သည့် အစဉ်အလာရှိသော အသင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနတို့နှင့် အဓိကပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

တတိယအချက်မှာ ဤအသင်းကြီး၏ စည်းလုံးညီညွတ်မှုအစဉ်အလာဖြစ်ကြောင်း၊ အဆိုပါ အစဉ်အလာကောင်းများနှင့်အညီ အမှုဆောင်အသစ်များအားလုံးက ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြမည်ဟု ယုံကြည်ကြောင်း။

ဤအသင်းကြီးနှင့် ထိတွေ့တိုင်းတွင် ပုံနှိပ်နှင့် ထုတ်ဝေလောက ဖွံ့ဖြိုးတိုးတက်စေရန်၊ အသင်းကြီး၏ အသင်းဝင်အင်အားများတိုးပွားအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ အသင်းဝင်များလာသည်နှင့်အမျှ စည်းစည်းလုံးလုံးဖြင့် အရေအတွက်မှ အရည်အချင်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဟူသည့်အချက်များကို အဓိက တိုက်တွန်းအားပေးခဲ့ကြောင်း၊ ထို့အပြင် မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ အမျိုးသားရေးကို အခြေခံပြီး စဉ်းစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း။

ဤအသင်းကြီးနှင့် ထဲထဲဝင်ဝင် ထိတွေ့မှုမရှိခင်က ဤအသင်းကြီး၏ အသင်းဝင်အင်အားမှာ ၄၀၀ ခန့်သာ ရှိကြောင်း၊ ယခုအခါ အသင်းဝင်ပေါင်း ၄၂၀၄ ဦး ရှိလာသည်ကို တွေ့ရကြောင်း၊ အသင်းဝင်အင်အား တိုးတက်လာသည်မှာ ကောင်းမွန်သည့်ကိစ္စဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်တည်း၏ အမြင်ထက် အများအမြင်ဖြင့် ပေါင်းစပ်ဆောင်ရွက်သည်မှာ ပိုမိုကောင်းမွန်ကြောင်း။

**ညှိနှိုင်းဆွေးနွေး**

ယခု အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် အသင်းကြီး၏ နှစ်နှစ်တာကာလအတွင်း သတ်မှတ်ထားသည့် လုပ်ငန်းစဉ်၊ သတ်မှတ်ထားသည့် ရည်ရွယ်ချက်များအပေါ် အသင်းကြီး၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကို ပြန်လည်သုံးသပ်ဆွေးနွေးကြရမှာ ဖြစ်ကြောင်း၊ အားသာချက်များ၊ အားနည်းချက်များ ရှိမည်ဖြစ်ရာ နောင်နှစ်များတွင် ပိုမိုကောင်းမွန်အောင် ညှိနှိုင်းဆွေးနွေးဆုံးဖြတ် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အသင်းကြီးသည် နိုင်ငံတော်အစိုးရနှင့် အမြဲတမ်းပူးပေါင်းဆောင်ရွက်ပြီး အမျိုးသားရေးကို အခြေခံရပ်တည်ဆောင်ရွက်လာသည့် အသင်းဖြစ်သည်နှင့်အညီ အနာဂတ်တွင်လည်း အမျိုးသားရေးကို အခြေခံပြီး နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ ထို့အတူ အခြားသော NGO အဖွဲ့များနှင့်လည်း သဟဇာတဖြစ်စွာ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ပူးပေါင်းဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ အစဉ်အလာနှင့်အညီ အနာဂတ်တွင် ဆက်လက်ပြီး စည်းစည်းလုံးလုံး ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ဝိရောဓိများကို ဝိရောဓိအဆင့်မှာပင် ဖြေရှင်းပြေလည်စေရန်နှင့် ကြီးသည်ကို ငယ်အောင်၊ ငယ်သည်ကို ပပျောက်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

**မိမိတို့စာပေလောက ဖွံ့ဖြိုးတိုးတက် ရန်၊ နိုင်ငံတကာစံမီရန်အတွက် International Standard Book Number (ISBN) ကိစ္စကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ကြောင်း၊ မိမိတို့စာပေများ ကမ္ဘာကို ပျံ့နှံ့ရန်အတွက် ISBN စနစ်သည် မရှိမဖြစ်လိုအပ်ကြောင်း၊ သက်ဆိုင်ရာ အင်္ဂလန်က International ISBN အေဂျင်စီနှင့် ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်၍ အသိအမှတ် ပြုခံရရန်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ISBN ကိစ္စအောင်မြင်သွားပါက မိမိတို့နိုင်ငံက ထုတ်ဝေသည့်စာအုပ်များကို နိုင်ငံတကာ၌ အလွယ်တကူ ဖြန့်ချိနိုင်တော့မှာဖြစ်ကြောင်း။**

**မိမိတို့နိုင်ငံသည် အခြေခံဥပဒေအသစ်နှင့်အညီ ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံသစ်တည်ဆောက်ရန် ရည်မှန်းဆောင်ရွက်နေကြောင်း၊ နိုင်ငံသစ် ထူထောင်သည့်အခါ၌ ကဏ္ဍစုံတိုးတက်လာမှု ဤရည်မှန်းချက်အောင်မြင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ပုံနှိပ်ကဏ္ဍ၌လည်း လက်ရှိထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံတကာနှင့် ယှဉ်နိုင်အောင် နည်းလမ်းရှာကြံပြီး ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။**

**ရှင်းလင်းပြောကြား**

**ယခုအခါ စာပေစာနယ်ဇင်းနှင့် စပ်လျဉ်း၍ ဖြေလျှော့မှုများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ပေးနေကြောင်း၊ နောက်ဆုံးတွင် စာပေသမားများသည် ဥပဒေနှင့်အညီ လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့နှင့်အညီ ရေးသားခွင့်ရကြမှာဖြစ်ကြောင်း၊ ထို့ကြောင့် ပုံနှိပ်လုပ်ငန်းရှင်များသည်လည်း အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ဥပဒေနှင့်အညီ တာဝန်ယူရမည့်၊ တာဝန်ခံရမည့်အပိုင်းများ ရှိလာတော့မည်ဆိုသည်ကို ရှင်းလင်းပြောကြားလိုကြောင်း။**

**ပြုပြင်ပြောင်းလဲ**

ဤအသင်းကြီးသည် နိုင်ငံတော်၏ လူမှုအဖွဲ့အစည်းဝင် အသင်းတစ်ခုဖြစ်သည့်အတွက် နိုင်ငံတော်၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့်လည်း ဟန်ချက်ညီအောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများလိုလားသည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဟူသည့် အချက် (၃)ချက်ကို အဓိကဦးတည် ဆောင်ရွက်လျက်ရှိကြောင်း။

**ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်၍ ဥပဒေပိုင်းဆိုင်ရာ၌ ဥပဒေသစ်ပြဋ္ဌာန်းခြင်း၊ ဥပဒေဟောင်းများကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခြင်း အပါအဝင် ဥပဒေစုစုပေါင်း ၁၅ ခုကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဤကဲ့သို့ ပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတော်၏ ကဏ္ဍအသီးသီး၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ကြပြီဖြစ်ကြောင်း။**

**ကြပ်မတ်ဆောင်ရွက်**

ထို့အတူ အုပ်ချုပ်မှုပိုင်းအရလည်း ပြည်သူအကျိုးကို ဦးထိပ်ထားသည့် အုပ်ချုပ်ရေးစနစ်ဖြစ်လာအောင်၊ ထင်သာမြင်သာပွင့်လင်းသည့် အုပ်ချုပ်မှုစနစ်ဖြစ်လာအောင်၊ Good Governance, Clean Government ဖြစ်လာအောင် ကြပ်မတ်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တရားစီရင်ရေးနှင့် ပတ်သက်လျှင်လည်း တရားစီရင်မှု၌ ဥပဒေနှင့်အညီ ပိုမိုမှန်ကန်တိကျသည့် စီရင်မှုမျိုးဖြစ်လာအောင် ကြပ်မတ်ဆောင်ရွက်ပေးနေကြောင်း။

**ဒုတိယအချက်ဖြစ်သည့် တည်ငြိမ်မှု ဆောင်ရွက်ရေးအပိုင်းနှင့် ပတ်သက်၍ အဓိက(၃)ချက် ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအချက်မှာ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းမှု ရရှိအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ ပြည်တွင်းနိုင်ငံရေး တည်ငြိမ်မှုရအောင်၊ တစ်နည်းအားဖြင့် ပြည်တွင်းနိုင်ငံရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်အောင် တည်ဆောက်လျက်ရှိကြောင်း၊ တတိယအချက်မှာ ပြည်ပနိုင်ငံရေး တည်ငြိမ်မှုရအောင် တည်ဆောက်နေခြင်း ဖြစ်ကြောင်း။**




**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းထံ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းရန်ပုံငွေအတွက် အလှူငွေကျပ် ၅၁ သိန်းကို အသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ကြစဉ်။**

(သတင်းစဉ်)

**ပူးပေါင်းဆောင်ရွက်ရေး**

**ပြည်တွင်းနိုင်ငံရေး တည်ငြိမ်ရန် တစ်နည်းအားဖြင့် ပြည်တွင်း၌ နိုင်ငံရေးအားဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်လည်း မတူတာတွေ ဘေးဖယ်ထား၊ တူတာတွေကို အမျိုးသားအကျိုးစီးပွားအတွက်၊ တိုင်းပြည်နှင့်လူမျိုးအတွက် ပူးပေါင်းဆောင်ရွက်မည်ဆိုသည့် မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်မှု၊ နားလည်မှုများ ပိုမိုတည်ဆောက်နိုင်ပြီး ယင်းမှတစ်ဆင့် အမြင်မတူသည်များကို ဆက်လက်ညှိနှိုင်း ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားကြောင်း။**

အလားတူ ပြည်ပနိုင်ငံရေး တည်ငြိမ်အောင် ဆောင်ရွက်မှုနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပကို ရောက်နေသည့် နိုင်ငံသားများကိုလည်း ပြန်လည်ဝင်ရောက်လာအောင် ဖိတ်ခေါ်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားသောနိုင်ငံများနှင့်လည်း ဆက်ဆံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

တတိယအချက်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ကိစ္စရပ်များဖြစ်ကြောင်း၊ ဤရည်မှန်းချက်အောင်မြင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်၌ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းဖြစ်လာအောင် လက်ရှိရှိနေသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေများကို အမိန့်၊ ညွှန်ကြားချက်များထုတ်၍ ဖြေလျှော့မှုများပေးနေကြောင်း၊ ထို့ကြောင့်လည်း ယနေ့အခါ၌ ဥရောပ၊ ဂျပန်၊ စင်ကာပူ၊ အိန္ဒိယနိုင်ငံများက ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရေးအတွက် လေ့လာစုံစမ်းနေကြပြီဖြစ်ကြောင်း။

**အောင်မြင်တိုးတက်လာမည်**

**ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မကြာမီ အောင်မြင်တိုးတက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ်ချမှတ်ပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤလုပ်ငန်းသည် ကျယ်ပြန့်ကြောင်း၊ ပံ့ပိုးဆောင်ရွက်ပေးရမည့် ငွေကြေး၊ အရင်းအနှီးလည်း များစွာလိုအပ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းထိရောက်အောင်မြင်အောင် ဆောင်ရွက်ရန် နိုင်ငံတော်၏အား၊ ပြည်သူများ၏အား၊ စေတနာရှင်များ၏ အားလည်း လိုအပ်ကြောင်း၊ ယနေ့အခါတွင် ဝန်ကြီးဌာန အသီးသီးက ဤတာဝန်များကို တတ်နိုင်သမျှ ကြိုးပမ်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။**

**နိဂုံးချုပ်အနေဖြင့် အသင်းကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ ဤအသင်းကြီး၏ လောကသားများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝမြင့်မားရေးတို့နှင့် ပတ်သက်၍ ဝန်ကြီးဌာနဘက်က အစွမ်းကုန် ကူညီဆောင်ရွက်ပေးနေမှာ ဖြစ်ကြောင်း၊ အသင်းသူ၊ အသင်းသားများအားလုံးကလည်း ယနေ့ရရှိနေသည့် အသင်းကြီး၏ အောင်မြင်မှုများကို အခြေခံပြီး မိမိအသင်း၏လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ရင်း မိမိတို့အကျိုး၊ မိမိတို့အသင်းကြီး၏ အကျိုးနှင့် အမျိုးသားရေးအကျိုးများရရှိအောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။**

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းရန်ပုံငွေအတွက် အလှူငွေကျပ် ၅၁ သိန်းကို အသင်းဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းထံ ပေးအပ်ပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော Concordia International Co., Ltd. ၏ Fuji Xerox အမှတ်တံဆိပ် Copier၊ Printer နှင့် Scanner များ၊ Art Man Co., Ltd. ၏ evolis အမှတ်တံဆိပ် Card Printer များနှင့် Audley အမှတ်တံဆိပ် ရွှေစာလုံး ပုံနှိပ်စက်များကို လှည့်လည်ကြည့်ရှုသည်။

(သတင်းစဉ်)

# နောက်ဆုံးအသုတ် အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်ခွာခြင်းနှင့်အတူ အီရတ်စစ်ပွဲအဆုံးသတ်ပြီ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၈

**အီရတ်မှ တပ်ဖွဲ့ဝင်များရုပ်သိမ်းရေးအစီအစဉ်အရ နောက်ဆုံးအသုတ် အမေရိကန်တပ်ဖွဲ့ဝင်များအား တင်ဆောင်ထားသည့် ယာဉ်တန်းသည် တနင်္ဂနွေနေ့က အီရတ်နိုင်ငံအတွင်းမှ ထွက်ခွာသွားပြီဖြစ်ရာ ကိုးနှစ်နီးပါးမျှ ကြာညောင်းခဲ့သော အီရတ်စစ်ပွဲအဆုံးသတ်ခဲ့ပြီဖြစ်သည်။**

၂၀၀၃ ခုနှစ် မတ်လအတွင်း ဘဂ္ဂဒက်မြို့တော်ကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်၍ စတင်ခဲ့သော အီရတ်စစ်ပွဲသည် ဆက်ဒမ်ဟူစိန်အစိုးရအား ဖယ်ရှားနိုင်ခဲ့သော်လည်း စစ်ပွဲကာလတစ်လျှောက် အမေရိကန်တပ်ဖွဲ့ဝင် ၄၅၀၀ နီးပါးမျှနှင့် အီရတ်ပြည်သူထောင်ပေါင်းများစွာတို့ သေဆုံးခဲ့သည်။

နောက်ဆုံး အသုတ်ဖြစ်သော အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်ခွာသွားခြင်းနှင့်အတူ အီရတ်စစ်ပွဲပြီးဆုံးခဲ့ရပြီဖြစ်သော်လည်း နိုင်ငံရေးအရ မတည်ငြိမ်မှုများ အီရတ်နိုင်ငံအတွင်း ကျန်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းထွက်ခွာသွားခြင်းသည် အီရတ်ပြည်သူများအတွက် နိုင်ငံ၏ အချုပ်အခြာအာဏာကို ပြန်လည်ရရှိခြင်းမည်သော်လည်း နိုင်ငံအတွင်း၌ ဂိုဏ်းစွဲ၊ ဝါဒစွဲများအခြေခံသော အကြမ်းဖက်မှုများ ပေါ်ပေါက်လာမည့်အရေးအား စိုးရိမ်ရဖွယ်ရှိကြောင်း သိရသည်။

အီရတ်၌ ကျန်ရှိသည့် နောက်ဆုံးအသုတ် အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀ ကို တင်ဆောင်ထားသော ယာဉ်စီးရေ ၁၀၀ နီးပါးပါ အမေရိကန်စစ်ဘက်ယာဉ်တန်းသည် အီရတ်နိုင်ငံတောင်ပိုင်းသဲကန္တာရဒေသမှတစ်ဆင့် နယ်စပ်ဖြတ်ကျော်ကာ ကူဝိတ်နိုင်ငံအတွင်းသို့ မောင်းနှင်ဝင်ရောက်သွားပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၈ ရက်သတင်းများတွင် ဖော်ပြထားသည်။

အီရတ်မှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းခဲ့ခြင်းသည် အမေရိကန်သမ္မတ ဘားရက်အိုဘားမားအတွက် ယခင် သမ္မတလက်ထက်မှ အမွေဆက်ခံခဲ့ရသော အီရတ်စစ်ပွဲကို အပြီးသတ်ကာ တပ်ဖွဲ့ဝင်များအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ယူပေးမည်ဟူသော ရွေးကောက်ပွဲကတိကဝတ်တစ်ရပ် ဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်သည်။ အီရတ်စစ်ပွဲသည် ဗီယက်နမ်စစ်ပွဲနောက်ပိုင်း ကမ္ဘာပေါ်၌ လူအဆန့်ကျင်ဆုံးစစ်ပွဲဖြစ်ခဲ့ရပြီး ကမ္ဘာ့ ဦးဆောင်သူနေရာကို ရယူထားခဲ့သော အမေရိကန်ပြည်ထောင်စုအတွက် အမည်းစက်ဖြစ်ခဲ့ရသည်။

အီရတ်စစ်ပွဲပြီးဆုံးသည့်တိုင် ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီ ဦးဆောင်သော အီရတ်အစိုးရအဖွဲ့သည် ရှီးယိုက်၊ ကားဒစ်ရှ်နှင့် ဆွန်နီများအကြား အာဏာခွဲဝေရေးနှင့် ပတ်သက်သည့် အတိမ်းစောင်းမခံနိုင်သော ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းရန်းကန်ရဆဲဖြစ်သည်။ ***အင်တာနက်။***



# အင်ဒိုနီးရှားကမ်းလွန်၌ သင်္ဘောနစ်မြုပ်မှုကြောင့် လူ ၂၀၀ ကျော်ပျောက်ဆုံး

**ဂျကာတာ ဒီဇင်ဘာ ၁၈**

အင်ဒိုနီးရှားနိုင်ငံ ကမ်းလွန်ရေပြင်တွင် ဩစတြေးလျနိုင်ငံသို့ တရားမဝင် အခြေစိုက်ရွှေ့ပြောင်းနေထိုင်မည့်သူများ စီးနင်းလိုက်ပါလာသော သင်္ဘောတစ်စင်း စနေနေ့က နစ်မြုပ်ခဲ့ရာ လူ ၂၀၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က ပြောကြားသည်။

စုစုပေါင်း လူ ၂၅၀ ခန့် တင်ဆောင်ထားသော အဆိုပါသင်္ဘောသည် ဒီဇင်ဘာ ၁၇ ရက် နှောင်းပိုင်းက ဂျာဗားကျွန်းအရှေ့ပိုင်းမှ ရေမိုင် ၄၀ အကွာကမ်းလွန်ရေပြင်၌ ကြီးမားပြင်းထန်သော လှိုင်းဒဏ်ကို ခံစားခဲ့ရ၍ နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

ပျောက်ဆုံးနေများအနက် ၃၃ ဦးကိုသာ ကယ်တင်နိုင်သေးကြောင်း၊ အသက်ရှင်ကျန်ရစ်သူများကိုလည်း ဆက်လက်ရှာဖွေဆဲဖြစ်ကြောင်း အရှေ့ဂျာဗားသဘာဝဘေးအန္တရာယ်လျော့ပါးရေးဌာန အကြီးအကဲ ဆာဟော ဟာရီပင်က ပြောကြားသည်။

သင်္ဘောပေါ်တွင် လိုက်ပါလာသူအများစုမှာ အာဖဂန်နှင့် အီရန်လူမျိုးများဖြစ်ကြောင်း ကယ်ဆယ်ရေးသမားများက ပြောကြားသည်။

နယ်ပယ်သစ်တွင် ဘဝတက်လမ်း ရှာဖွေရန် ဩစတြေးလျသို့ တရားမဝင် ဝင်ရောက်လေ့ရှိသူများသည် အင်ဒိုနီးရှားနိုင်ငံအား ကြားခံထား၍ ဖြတ်သန်းရာလမ်းကြောင်းအဖြစ် အသုံးပြုလေ့ရှိသည်ဟုဆိုသည်။

***ရိုက်တာ။***



***သင်္ဘောနစ်မြုပ်မှုမှ ကယ်ဆယ်ထားသည့် တရားမဝင် ရွှေ့ပြောင်းနေထိုင်ရန် ကြိုးစားသူများကို တွေ့ရစဉ်။***



# ချက်သမ္မတဟောင်းနှင့် ပြဇာတ်ရေးဆရာ ဗားကလပ်ဟာဗဲလ် ကွယ်လွန်ပြီ

**ပရာဟာ ဒီဇင်ဘာ ၁၈**

ချက်ကိုစလိုဗက်ကီးယားနိုင်ငံ၌ ကွန်မြူနစ်အစိုးရအုပ်စိုးမှုကို ဆန့်ကျင်ခဲ့သည့် ကတ္တီပါတော်လှန်ရေးအလွန်ကာလ ချက်သမ္မတနိုင်ငံ၏ ပထမဆုံးသော သမ္မတဖြစ်သူ ဗားကလပ်ဟာဗဲလ် **(အပေါ်ပုံ)** အသက်(၇၅)နှစ်သည် ဒီဇင်ဘာ ၁၈ ရက်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယခင်က ချက်ကိုစလိုဗက်ကီးယားအစိုးရနှင့် သဘောထားကွဲလွဲဆန့်ကျင်သည့် ပြဇာတ်ရေးဆရာလည်းဖြစ်ခဲ့သူ ဗားကလပ်ဟာဗဲလ်သည် ကာလကြာရှည်စွာ ရောဂါဝေဒနာခံစားခဲ့ရပြီး ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ကွယ်လွန်ခဲ့သည်ဟု ၎င်း၏အတွင်းရေးမှူး ဆာဘီနာတန်စီကိုဗာက ပြောကြားခဲ့သည်။

ဗားကလပ်ဟာဗဲလ်သည် သမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ်အတွင်း ချက်ကိုစလိုဗက်ကီးယားနိုင်ငံအား ဒီမိုကရေစီနှင့် လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ဦးဆောင်ပြောင်းလဲခဲ့သည်။ ယင်းအပြင် ၁၉၉၃ ခုနှစ်၌ ချက်ကိုစလိုဗက်ကီးယားနိုင်ငံအား ချက်သမ္မတနိုင်ငံနှင့် စလိုဗက်ကီးယားနိုင်ငံဟူ၍ ဗားကလပ်ဟာဗဲလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ငြိမ်းချမ်းစွာ ခွဲခြမ်းပေးနိုင်ခဲ့သည်။ ***အင်တာနက်။***



**သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ၂၃၀ ကေဗွီ လောပိတ-တောင်ငူ မဟာဓာတ်အားလိုင်း Tension တာဝါတိုင်အမှတ် (၂၁၃)ကို တွေ့ရစဉ်။** (သတင်းစဉ်)

# သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသဖြင့် ၂၃၀ ကေဗွီ လောပိတ-တောင်ငူ မဟာဓာတ်အားလိုင်း Tension တာဝါတိုင်အမှတ်(၂၁၃)ချို့ယွင်းပျက်စီး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ယနေ့ နံနက် ၆ နာရီခွဲခန့်တွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် မဟာဓာတ်အားလိုင်းမှူးရုံး(တောင်ငူ) ယာဒိုစခန်း လိုင်းတာဝန်ခံက ပေါက်ကွဲသံကြားသဖြင့် ဓာတ်အားလိုင်းတစ်လျှောက် လိုက်လံစစ်ဆေးရာ မာချောင်းကျေးရွာအနီး ၂၃၀ ကေဗွီ လောပိတ-တောင်ငူ မဟာဓာတ်အားလိုင်း Tension တာဝါတိုင်အမှတ်(၂၁၃)သည် သောင်းကျန်းသူများ၏ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပြိုလဲပျက်စီးနေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ တာဝါတိုင်ပြိုလဲမှုကြောင့် အဆိုပါ ဓာတ်အားလိုင်းသို့ ဓာတ်အားပို့လွှတ်နိုင်ခြင်းမရှိသဖြင့် ဓာတ်အားစနစ်အတွင်း ဓာတ်အားပို့လွှတ်မှု ၇၀ မဂ္ဂါဝပ်ခန့် လျော့နည်းလျက်ရှိကြောင်းနှင့် တာဝါတိုင် ပြုပြင်ရန်အတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လိုင်းများဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးစီးဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် စက်/ယန္တရားသုံးစီး ပျက်စီး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၃)က မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းအား တာဝန်ယူဖောက်လုပ်လျက်ရှိသည်။

အဆိုပါလမ်းဖောက်လုပ်ရာတွင် အသုံးပြုသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် စက်/ယန္တရားများ မိုင်တိုင်(၈၇/၀) ရှိ နန်းခန်းခကျေးရွာ၌ ညအိပ်ရပ်နားထားစဉ် ဒီဇင်ဘာ ၁၆ ရက် နံနက် ၁ နာရီခန့်တွင် သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်အတွက် လမ်းကြိတ်စက်တစ်စီး၊ မြေထိုးစက်တစ်စီးနှင့် ဝန်ချီစက်တစ်စီးတို့ ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးသွားသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် ယန္တရားတစ်စီးကို တွေ့ရစဉ်။** (သတင်းစဉ်)

***တန် ဖိုး ရှိ လှ လူ ငယ် ဘ ၀ မူး ယစ် ကင်း စင် ကျန်း မာ မှ***

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ယောဂီဂုဏ်ရည် သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ ရေစက်ချလှူဒါန်းပွဲနှင့် ဓမ္မဂုဏ်ရည် တိုးချဲ့သံဃာစာသင်ဆောင်ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲတို့သို့ တက်ရောက်

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းထံ မိဘနှစ်ပါးဖြစ်သော ဦးဝင်းဆွေ-ဒေါ်မင်းသွယ်နု တို့အား ဦးထိပ်ထား၍ (၇)ရက်သားသမီးများကိုယ်စား သုဓမ္မမဏိဇောတရေ အကယ်ဒမီ ခန့်စည်သူက တိုးချဲ့သံဃာစာသင်ဆောင် မတည်အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



ရန်ကုန် ဒီဇင်ဘာ ၁၈

**ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ၈/က ရပ်ကွက်ရှိ ဓမ္မဝိဟာရ ပထမကျော်စာသင်တိုက်နှင့် ဓမ္မရိပ်သာ၌ ဆောက်လုပ်ပြီးစီးသည့် ယောဂီဂုဏ်ရည် သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲ၊ ရေစက်ချလှူဒါန်းပွဲနှင့် ဓမ္မဂုဏ်ရည် တိုးချဲ့သံဃာစာသင်ဆောင် ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အဆိုပါ စာသင်တိုက်နှင့် ဓမ္မရိပ်သာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်ကြည်ညိုကြသည်။**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လယ်ဝေးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇောသာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

**ဖဲကြိုးဖြတ်**

ရှေးဦးစွာ ယောဂီဂုဏ်ရည် သုံးထပ်ကျောင်းဆောင်သစ်ကို ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် အလှူရှင်တစ်ဦးဖြစ်သည့် ဒေါ်ခင်သီတာတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရေစက်ချလှူဒါန်းပွဲနှင့် ဓမ္မဂုဏ်ရည် တိုးချဲ့သံဃာ စာသင်ဆောင်ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ဝဏ္ဏဂုဏ်ရည်ကျောင်းတော်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လယ်ဝေးဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ပရိသတ်က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဓမ္မဂုဏ်ရည် တိုးချဲ့သံဃာစာသင်ဆောင် ဆောက်လုပ်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုက အလှူငွေကျပ်တစ်သိန်းကို ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်ထံ ပေးအပ်လှူဒါန်းသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မိဘနှစ်ပါးဖြစ်သော ဦးဝင်းဆွေ-ဒေါ်မင်းသွယ်နု တို့အား ဦးထိပ်ထား၍ (၇)ရက် သားသမီးများကိုယ်စား သုဓမ္မ မဏိဇောတရေ အကယ်ဒမီခန့်စည်သူက တိုးချဲ့သံဃာ စာသင်ဆောင် မတည်အလှူငွေကျပ်သိန်း ၁၀၀နှင့် ရွှေဘုန်းပွင့် စေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ရန် အလှူငွေကျပ် ၁၀ သိန်း တို့ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဓမ္မဂုဏ်ရည် တိုးချဲ့သံဃာစာသင်ဆောင် အတွက် နှစ်ဖက်သောမိဘများအား ဦးထိပ်ထား၍ ဦးဇော်ထွန်းဦး-ဒေါ်ခင်သီတာ၊ သား-ဖိုးသီလ မိသားစုက အလှူငွေကျပ် သိန်း ၁၀၀၊ ဦးအောင်ငြိမ်း-ဒေါ်ခင်သန်းစိုး မိသားစု၊ ဗိုလ်မှူး ဖြူဝင်း(ငြိမ်း)-ဒေါ်အေးအေးစိုး မိသားစုနှင့် ဦးမာဒင်-ဒေါ်ကျော့ (တော်ဝင်ဆီစက်) မိသားစုတို့က ငွေကျပ်သိန်း ၅၀ စီ၊ ဦးဝင်းမြင့်-ဒေါ်ဝေဝေမြင့်၊ သမီး-မြတ်သဇင်ထက် မိသားစုက ငွေကျပ် ၁၀ သိန်းတို့ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဦးဝင်းနိုင်၊ ဇနီး ဒေါက်တာလှိုင်လှိုင်မော်(မျက်ခြယ် ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေး) မိသားစုက ငွေကျပ် ကိုးသိန်း၊ ဦးမြင့်ဦး-ဒေါ်ဖြူဖြူ မိသားစု၊ မိခင်ကြီး ဒေါ်ခင်နုအား ဦးထိပ်ထား၍ သားသမီး မြေးမိသားစု၊ မိခင်ကြီး ဒေါ်ခင်ညွန့်အား ဦးထိပ်ထား၍ ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ခင်ခင်အေး၊ ဦးရွှေတိုး-ဒေါ်သောင်းတင် မိသားစုနှင့် ဦးညဏ်လှိုင်-ဒေါ်ချိုချို မိသားစု တို့က ငွေကျပ်ငါးသိန်းစီတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဦးစောကြိုင်-ဒေါ်ခင်ဆွေဝင်း၊ သမီး-ဆုအိသူ၊ ဒေါ်မြသန်း မိသားစု၊ မိဘများအား အမှူးထား၍ ကိုပေါ်ပေါ် မိုးဟန်နှင့် ဦးခင်ဇော်-သုဓမ္မသိင်္ဂီ ဒေါ်ခင်ဆွေဦးတို့က ငွေကျပ် သုံးသိန်းစီတို့ကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းထံ ပေးအပ်လှူဒါန်းကြသည်။

**အမျှပေးဝေ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဇောတိက က အနုမောဒနာတရား မြွက်ကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ပရိသတ်က လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

မိဘနှစ်ပါးဖြစ်သော ဦးဝင်းဆွေနှင့် ဒေါ်မင်းသွယ်နု တို့အား ဦးထိပ်ထား၍ (၇)ရက် သားသမီးများကိုယ်စား သုဓမ္မမဏိ ဇောတရေ အကယ်ဒမီခန့်စည်သူက ငွေကျပ်သိန်း ၃၀၀ ဦးဆောင်မတည်ကာ အများစုပေါင်းပြီး ယောဂီဂုဏ်ရည် သုံးထပ် ကျောင်းဆောင်သစ်ကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ယခု ဓမ္မဂုဏ်ရည် တိုးချဲ့သံဃာစာသင်ဆောင် ဆောက်လုပ် ရန်အတွက် အကယ်ဒမီ ခန့်စည်သူက မတည်အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းပြီး ယနေ့အခမ်းအနားတွင် အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေမှာ ငွေကျပ် ၄၄၁ သိန်းဖြစ်သည်။

သုဓမ္မမဏိဇောတရေ အကယ်ဒမီခန့်စည်သူသည် ဓမ္မဝိဟာရ ပထမကျော် စာသင်တိုက်နှင့် ဓမ္မရိပ်သာ၌ သာသနာ့ ဂုဏ်ရည် နှစ်ထပ်သိမ်တော်အတွက် တစ်ဦးတည်းမတည်လှူဒါန်း ခဲ့ပြီး သံဃာ့ဂုဏ်ရည် လေးထပ်ကျောင်းဆောင်အတွက် ငွေကျပ် သိန်း ၅၀၀ နှင့် ပညာ့ဂုဏ်ရည် သုံးထပ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် ငွေကျပ်သိန်း ၅၀၀ တို့ကိုလည်း ဦးဆောင်မတည်လှူဒါန်းခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## ၁၉၇၄-၁၉၈၀ ခုနှစ် မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ မြတ်ဆရာပူဇော်ပွဲ နေပြည်တော်တွင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၄-၁၉၈၀ ခုနှစ် မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၄ ရက် (စနေနေ့)တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်မြို့မှ လိုက်ပါမည့်သူများအား မြို့တော်ခန်းမရှေ့မှ မော်တော်ယာဉ်များ နံနက် ၈ နာရီတွင် စတင်ထွက်ခွာမည်။ လိုက်ပါမည့်သူများအားလုံး စရိတ်ငြိမ်းစီစဉ်ပေးမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဦးဝင်းနိုင် ဖုန်း-၀၉-၈၆၂၂၄၈၆၊ ၀၉-၅၀၁၄၉၄၂၊ ဒေါ်မိမိထွန်း ဖုန်း-၀၉-၅၁၃၅၆၉၀၊ ၂၀၁၆၃၃၊ ဦးခင်မောင်ရွှေ ဖုန်း-၀၉-၅၁၈၉၁၇၁၊ ဦးတင်မောင်ထွေး ဖုန်း-၀၉-၅၁၁၂၅၆၄၊ ဦးကျော်ရွှေ ဖုန်း-၀၉-၅၁၆၉၈၉၄ နှင့် ဦးတင်ကိုကို ဖုန်း-၀၉-၅၀၂၅၇၈၁တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲ ပုလောမြို့၌ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပုလောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး၍ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် ပုလောမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီချိုက လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့် လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံကို ဟောပြောသည်။

ဆက်လက်၍ ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပပြီး ဆုရ ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ပလောက်မြို့နယ်ခွဲ အခြေခံပညာ အထက်တန်းကျောင်း၌လည်း လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ယုက အဖွင့်အမှာစကား ပြောကြားပြီး လွတ်လပ်ရေးအကြိုကို ခရိုင်ဦးစီးအရာရှိက ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဒီဇင်ဘာ ၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ရေပူဝ ကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်းဆောင်သစ်အား လူမှုရေး ဝန်ကြီးဌာန ဝန်ကြီး ဦးစန်းမောင်၊ မြန်မာ့စီးပွားရေးစီမံ အမှုဆောင်များ အသင်းဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်း၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးအေးလွင်နှင့် ကျောင်းအုပ် ဆရာမကြီး ဒေါ်နီနီဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (ကြေးမုံ)



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၁၂-၂၀၁၁ (တနင်္လာနေ့)**

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ "ကပ်သုံးပါး" တရားတော် (ဆရာတော် ဘဒ္ဒန္တကေသဝ)
၆:၄၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၆၀)**
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၃)**
၈:၅၀ Miss Now How 2011 (Part-2)
၉:၃၀ Celebrity Choice
၁၀:၀၀ ပျော်ရွှင်ဆင်နွှဲ သလ္လာဝတီမြို့ရဲ့ စတုဒိသာပွဲ
၁၀:၁၀ ခရမ်းမြို့နယ်၏(၅၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်
၁၀:၂၅ တူပြိုင်နွှဲပျော် တန်ဆောင်တိုင်ပွဲတော်
၁၀:၃၅ ရနံ့ထုံသင်းအဆင်းရှိသည့် ပန်းများကို ပွင့်စေသူ
၁၀:၅၅ Activities In The City
၁၁:၁၀ စုပေါင်းဆေးလိပ်ဖြတ်ပွဲနှင့် ဆေးလိပ်ဖြတ်သင့်သော အကြောင်း ဟောပြောပွဲ (လမ်း ၃၀)ဆေးခန်း
၁၁:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၃၄)**
၁၂:၁၀ ဘဝထဲက ကဗျာ၊ ကဗျာထဲက ဘဝ (ရှုံးထွက်ပွဲစဉ်)
၁၂:၃၀ စားချင်စဖွယ်နည်းအသွယ်သွယ်
၁:၀၀ "ကပ်သုံးပါး" တရားတော် (ဆရာတော် ဘဒ္ဒန္တကေသဝ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ The Champion of Dance
၃:၀၀ လင်းသိုက်ညွှန့်(မြန်မာ့မြေ)၏ မြန်မာတွေအောင်မြင်ဖို့ အမှတ်(၂) စာအုပ်မိတ်ဆက်ပွဲအခမ်းအနား
၃:၁၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၆၀)**
၄:၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၃)**
၅:၀၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ
၅:၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၃၄)**
၆:၀၀ MRTV-4 သတင်း
၆:၁၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၆၁)**
၇:၁၅ Miss Now How 2011 (Part-3)
၈:၀၀ MRTV-4 သတင်း
၈:၃၀ သီချင်းကောင်းကောင်းသီချင်းတောင်း
၈:၅၅ Sunday Talk (မောင်ဝံသ၊ မျိုးမြတ်သူ)
၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၄)**
၁၀:၂၀ ဗီဒီယိုပြခန်း
၁၀:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၃၅)**
၁၁:၁၅ အနုပညာမိုးကောင်းကင်
၁၁:၄၀ International Show Biz
၁၂:၀၀ စေတနာစွမ်းအားနှင့် ကရုဏာလက်များ
၁၂:၂၀ စိတ်ကူးတို့နှင့်မြမြင့်မိုရ်
၁၂:၄၀ Box Office Movies
၁:၁၀ နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
၁:၂၅ နယဉ်ဆန်းထွင်ပန်းအလှဆင်
၁:၅၀ အလှဆင်ပူဇော်ဘုရားမီး ရောင်ခြည်တော်
၂:၁၅ လှပသစ်ဆန်းအလှပြင်ခန်း
၂:၄၀ အဘိုး၊ အဘွားများအေးချမ်းစွာ နားခိုရာ ချမ်းမြေ့သာယာ စံတော်သာ
၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅ မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကိုသုံးကြစို့
၄:၁၅ ခါတစ်လှည့်. . . လာလှည့်ပါ ဆိပ်ခွန်ရွာ
၄:၂၅ မြင်သုံးမြင်မှ ထူးခြားရှေးဟောင်း လက်ရာပစ္စည်းများ
၄:၃၅ ဓနုဖြူရဲ့အထင်ကရနေရာများ ဆီသို့အလည်တစ်ခေါက်
၄:၄၅ မေတ္တာတရားနဲ့ အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
၅:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**လာပြီဖြစ်သည့်အတွက် ဒီမိုကရေစီစနစ် ပိုမိုပီပြင်ရန် လွှတ်တော်ကို ပိုမိုခိုင်မြဲအောင်၊ စနစ်ကျအောင် ဆောင်ရွက်နေပါကြောင်း၊ ထို့အပြင် လွှတ်တော်ဥက္ကဋ္ဌ အပါအဝင် လွှတ်တော်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ အရည်အသွေးတိုးတက်စေရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့၏ ရည်မှန်းချက်ပြည့်ဝစွာ အကောင်အထည်ပေါ်လာစေရေးအတွက် အဆွေတော်ထံမှ အကူအညီပေးရန် ကမ်းလှမ်းချက်ကို ကြားသိရသဖြင့် များစွာကျေးဇူးတင်ရှိပါကြောင်းဖြင့်ဆွေးနွေးပြောကြားသည်။**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ ပါလီမန်အောက်လွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပါလီမန်စာကြည့်တိုက်အဆောက်အအုံ ပြဇာတ်ရုံ၌ ကျင်းပသည့် အိန္ဒိယရိုးရာ ယဉ်ကျေးမှု အကပဒေသာ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး ယဉ်ကျေးမှုဝန်ကြီး H.E. Mr. Shri S. M. Krishna နှင့် လည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ပါလီမန်အဆောက်အအုံ ဧည့်ခန်းမ၌ အိန္ဒိယသမ္မတနိုင်ငံ ပါလီမန်ရေးရာ ဝန်ကြီးဌာနနှင့် ရေအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး Shri Pawan Kumar Bansal နှင့် လည်းကောင်း တွေ့ဆုံပြီး နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပါလီမန်လွှတ်တော်ရေးရာကိစ္စရပ်များအပေါ် နှစ်ဖက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၁၃ ရက် ညနေ ၅ နာရီတွင် ပါလီမန် အောက်လွှတ်တော် ပြည်ပရေးရာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ H.K.Dua ခေါင်းဆောင်သော ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ပါလီမန်အဆောက်အအုံသို့ ရောက်ရှိကြသည်။

ယင်းနောက် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်အတွင်း ပါလီမန် အစည်းအဝေး ကျင်းပနေမှုကို သွားရောက် ကြည့်ရှုလေ့လာကြရာ ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များက နွေးထွေးစွာကြိုဆိုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေကြမ်းတင်သွင်းမှု၊ မေးခွန်းများ မေးမြန်းခြင်း၊ အပြန်အလှန်ဆွေးနွေးကြခြင်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ပါလီမန်စာကြည့်တိုက်အဆောက်အအုံ အစည်းအဝေးခန်းမသို့ ရောက်ရှိရာ ရပ်ဆိုင်ရာ စာပေများ စနစ်တကျ ခင်းကျင်းထားရှိမှုကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ မော်ကွန်းပြတိုက်၌ အိန္ဒိယရှေးဟောင်း ပြကွင်းပြကွက်များ၊ ပါလီမန်မြင်ကွင်းပြကွက်၊ အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံ့ခေါင်းဆောင်များ၏ သမိုင်းမှတ်တမ်းဓာတ်ပုံများနှင့် လွတ်လပ်ရေးကြိုးပမ်းမှု မော်ကွန်းရုပ်ရှင် သမိုင်းမှတ်တမ်းများကို ကြည့်ရှုလေ့လာကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် Maruti Suzuki India Limited သို့ သွားရောက်ပြီး မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုလေ့လာကြပြီး ညပိုင်းတွင် နယူးဒေလီမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာခဲ့ကြရာ မွန်ဘိုင်းမြို့သို့ ရောက်ရှိကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် Bombay Stock Exchange သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်၍ India Merchants Chamber နှင့် လည်းကောင်း၊ ညနေပိုင်းတွင် Bombay Chamber of Commerce and Industry နှင့် လည်းကောင်း အစည်းအဝေးများ ကျင်းပပြီး နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ပုံတူ ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ညနေပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Indo Myanmar Chamber of Commerce & Industry မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လေကြောင်းဆက်သွယ်မှု၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိစဉ်အတွင်း IMPACT CHALLENGER အဆောက်အအုံ၌ ကျင်းပသည့် THE 20 th THAILAND INTERNATIONAL MOTOR EXPO 2011 ပြပွဲသို့ သွားရောက်ပြီး နိုင်ငံတကာကုမ္ပဏီများ၏ မော်တော်ယာဉ်များ ပြသရောင်းချမှုကို ကြည့်ရှုလေ့လာကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၇ ရက် ညပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာခဲ့ကြရာ ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒီဇင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ သွားရောက်ခဲ့သည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံ အစဉ်အလာအရ ချစ်ခင်ရင်းနှီးမှု၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ အပါအဝင် ကဏ္ဍအလိုက် တိုးတက်ကောင်းမွန်ရေးအတွက် တွေ့ဆုံဆွေးနွေးနိုင်ခဲ့၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်အောင်မြင်စေသည့် ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



## တွေ့ဆုံဆွေးနွေး

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပါလီမန်အောက်လွှတ်တော်ဥက္ကဋ္ဌ Kumar, Smt Meiraတို့ နယူးဒေလီမြို့ရှိ ပါလီမန်စာကြည့်တိုက်အဆောက်အအုံဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

ပါလီမန်လေ့ကျင့်ရေးနှင့် သင်ကြားရေးဗျူရို (BPST)မှ တာဝန်ရှိသူများက ပါလီမန်ရုံးလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် စာကြည့်တိုက်ရှိ လွှတ်တော် ကိုယ်စားလှယ်များ၏ စာကြည့်ခန်း၊ ဂန္ထဝင်စာပေနှင့် ဘာသာ အဖွဲ့ဝင်များအား ဂုဏ်ပြုပန်းစည်းများပေးအပ်ကာ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပါလီမန်အောက်လွှတ်တော်ဥက္ကဋ္ဌက ပါလီမန်စာကြည့်တိုက် အဆောက်အအုံ ဧည့်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ပါလီမန်အဆောက်အအုံ Lok Sabha ဧည့်ခန်းမ၌ ပါလီမန်အောက်လွှတ်တော် အတိုက်အခံခေါင်းဆောင် Smt. Sushma Swaraj နှင့် လည်းကောင်း၊ ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပါလီမန် စာကြည့်တိုက် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ပါလီမန် အထက်လွှတ်တော် အတိုက်အခံခေါင်းဆောင် Shri Arun Jaitley နှင့် လည်းကောင်း သွားရောက်တွေ့ဆုံပြီး လွှတ်တော်ရေးရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဒီဇင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် နယူးဒေလီမြို့ ပါလီမန် အဆောက်အအုံရှိ ပြည်ပရေးရာ ဆက်ဆံရေးကော်မတီ ဧည့်ခန်းမ၌ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ

## *ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ

နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ စီမံကိန်းများနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်၊ ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဦး၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး ဦးဌေးဝင်း၊ ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အဖွဲ့ဝင် ဦးဝင်းသန်း၊ ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ အဖွဲ့ဝင် ဦးဝင်းဦးနှင့် ကိုယ်စားလှယ်အဖွဲ့ အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးအပါအဝင် အဖွဲ့ဝင် ၃၀ တို့ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ ဆက်လက်လျော့နည်းမည်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် သုည ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ ဆက်လက်လျော့နည်းနေမည်။

## တာမိုးညဲဒေသတွင် ဘိန်းအစားထိုး ဂူလုံ လက်ဖက်စိုက်ခင်းများ စိုက်ပျိုးအောင်မြင်လျက်ရှိ

**သတင်းမှတ်စုနှင့် ဓာတ်ပုံ - ချမ်းသာ(မိတ္ထီလာ)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့၏ မြို့နယ်ခွဲ တာမိုးညဲဒေသတွင် ဘိန်းသီးနှံပင်များအား စိုက်ပျိုးခြင်းမရှိတော့ဘဲ ဈေးကွက်ဝင် ဂူလုံလက်ဖက်ပင်များအား ဘိန်းအစားထိုးသီးနှံအဖြစ် စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ဂူလုံလက်ဖက်စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

"အရင်တုန်းကတော့ ဒီဒေသမှာ ဘိန်းစိုက်ခင်းတွေ အများကြီးရှိတယ်။ အခုတော့ အဲဒီဘိန်းစိုက်ခင်းတွေနေရာမှာ ဂူလုံလက်ဖက်စိုက်ခင်းတွေ အစားထိုးစိုက်ပျိုးအောင်မြင်နေကြပါပြီ။ ဂူလုံလက်ဖက်က ဈေးကွက် ဝင်တယ်ပြောရမယ်။ လက်ဖက်စိုသက်သက်ထုတ်လုပ်တာထက် ဒီဘက်မှာ လက်ဖက်ခြောက်အဖြစ်ပဲ အခြောက်ခံပြီး ပေါင်းစက်နဲ့ ပေါင်းတယ်။ ပြီးတော့ အချောသပ်ထုပ်ပိုးပြင်ဆင်ပြီး နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့ကြီးတွေကို အဓိကထား တင်ပို့ရောင်းချပါတယ်။ ဂူလုံလက်ဖက်ခြောက်ထုပ် ခြောက်ထုပ်ကို တစ်ပိဿာအလေးချိန်ရှိပြီး တစ်ထုပ်ကို စက်ရုံထွက်ဈေး ငါးထောင်ကျပ်ရောင်းချရပါတယ်။ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်ဘက်ရောက်သွားရင်တော့ ငါးထောင်ကျပ်တန် ဂူလုံလက်ဖက်ခြောက်ထုပ် တစ်ထုပ်ကို ခြောက်ထောင်၊ ခုနစ်ထောင်လောက်ထိ ဈေးကွက်မှာ လက်လီရောင်းချတယ်" ဟု တာမိုးညဲမြို့ ဘိန်းအစားထိုး ဂူလုံလက်ဖက်ခြောက်စက်ရုံမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဂူလုံလက်ဖက်မျိုးကို တရုတ်နိုင်ငံ ဖူကျန်တိုင်းမှ မှာယူတင်သွင်းစိုက်ပျိုးခြင်းဖြစ်ပြီး ကိုင်းဖြတ်ပျိုးထောင်ခြင်းဖြင့် စိုက်ပျိုးရကာ ပြုစုပျိုးထောင်ကောင်းမှုပေါ်မူတည်၍ ပျိုးပင်သက်တမ်းနှစ်နှစ်မှ သုံးနှစ်အထိ ပျိုးထောင်စိုက်ပျိုးရသည်။

လက်ဖက်ခူးဆွတ်ရသည့်အချိန်တွင် ရက်ပေါင်း ၃၀ မှ ၄၀ ခန့်ခြားပြီး ဂူလုံလက်ဖက်ကို ခူးဆွတ်သည်။ ဂူလုံလက်ဖက်ပင်များကို သဘာဝဓာတ်မြေဩဇာကို အဓိကသုံးစွဲစိုက်ပျိုးရသည်။ ဂူလုံအပင်၏ သက်တမ်းမှာ နှစ်ပေါင်း ၃၀ မှ ၁၀၀၀ ထိ သက်တမ်းရှည်သည့် လက်ဖက်မျိုးနွယ်များဖြစ်သည်။

"အခုနောက်ပိုင်းတော့ တရုတ်(တိုင်ပေ)ဘက်ကလာတဲ့ ဂူလုံလက်ဖက်ကို လူကြိုက်များလာတယ်။ တရုတ်ကလာတဲ့ ဂူလုံလက်ဖက်မျိုးထက် တရုတ်(တိုင်ပေ)ဘက်ကလာတဲ့ ဂူလုံလက်ဖက်မျိုးကို စိုက်ပျိုးထုတ်လုပ်သူနဲ့ စားသုံးသူပါ ပိုကြိုက်လာတယ်။ စိုက်ပျိုးထုတ်လုပ် သူကလည်း ဈေးကောင်းပိုရလို့ စားသုံးသူကလည်း အရသာပိုတွေ့လို့ဖြစ်ပါတယ်။ လောလောဆယ်တော့ ကျွန်တော်တို့ဆီမှာ တရုတ်နိုင်ငံက ဂူလုံလက်ဖက်မျိုးကိုပဲ စိုက်ပျိုးပြီး လက်ဖက်ခြောက်အဖြစ် ခူးဆွတ်အခြောက်ခံပြီး ပေါင်းစက်နဲ့ ပေါင်းခြင်းလုပ်ကိုင်ကာ ဈေးကွက်တွေဆီတင်ပို့ရောင်းနေပါတယ်"ဟု ၎င်းကဆိုသည်။



တာမိုးညဲဒေသသည် ယခင်က နယ်မြေအေးချမ်းမှုမရှိသည့် အရပ်ဒေသဖြစ်ပြီး ဘိန်းပင်များစိုက်ပျိုးထုတ်လုပ်သည့် အရပ်ဒေသဖြစ်သောကြောင့် ဒေသခံပြည်သူများ ငြိမ်းချမ်းစွာ အသက်မွေးဝမ်းကျောင်း ပြုနိုင်သည့် အရပ်ဒေသမဟုတ်သော်လည်း ယခုအခါ ထိုဒေသတွင် ဘိန်းပင်များလုံးဝ စိုက်ပျိုးခြင်းမရှိတော့ဘဲ စီးပွားရေး ဈေးကွက်ဝင် ဂူလုံလက်ဖက်ပင်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကာ ဒေသခံပြည်သူများမှာလည်း တည်ငြိမ်အေးချမ်းပြီး တဖြည်းဖြည်းဖွံ့ဖြိုးတိုးတက်လာသည့် တာမိုးညဲဒေသတွင် စိတ်အေးချမ်းသာစွာဖြင့် နေထိုင်လျက်ရှိကြသည်။ ။

## စုပေါင်းအလှူ ဒါနပြုပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၈) သင်တန်းဆင်းအရာရှိများ စုပေါင်းအလှူဒါနပြုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ရန်အောင်မြင် ရွှေလက်လှစေတီတော် ဇမ္ဗူရာဇ်သိဂီဗိမာန်တော်၌ ကျင်းပသည်။

စုပေါင်းအလှူဒါနပြုပွဲတွင် ကျောင်းဆင်းအရာရှိများက နေပြည်တော် လယ်ဝေးမြို့နယ် ပေါက်မြိုင် စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒအမှူးပြုတော်မူသော သံဃာတော် ၄၈ ပါးတို့အား ဆွမ်းဆန်၊ ဆီ၊ သက်န်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မြစ်ကြီးနားမြို့ ဒီဇင်ဘာအားကစားလ (တတိယပတ်)

## လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၁၁ ခုနှစ် ကချင်ပြည်နယ်၏ ဒီဇင်ဘာအားကစားလ (တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၆ နာရီတွင် မြစ်ကြီးနားမြို့ မြို့မနာရီစင်မုခ်ဦးစုရပ်ရှေ့မှ စတင်တာလွှတ်ပြီး ဇော်ဂျွန်းလမ်း၊ ရုံးကြီးလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး **(ယာပုံ)** ထိုမှတစ်ဆင့် ပြည်နယ်အားကစားကွင်းအတွင်း ပြန်လည်ဝင်ရောက်နေရာယူကြသည်။

ဒီဇင်ဘာအားကစားလ (တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ပြည်နယ်အား/ကာ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများ စုစုပေါင်းအင်အား ၁၀၀၀၀ ကျော် တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီး ပြည်နယ်အားကစားကွင်းတွင် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲအမှတ်(၁)နှင့်(၂)တို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# ရောဝတီယူနိုက်တက် နိုင်ပွဲရ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာနေရှင်နယ်ကလပ် ရောဝတီယူနိုက်တက်အသင်းနှင့် မလေးရှားကြည်းတပ်အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။ ပွဲမစမီ နှစ်ဖက်အသင်းနှင့် ဒိုင်လူကြီးများအား ရောဝတီယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးရန်ဝင်း၊ ဒု-ဥက္ကဋ္ဌ ဦးသန်းအောင်လင်း၊ ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝင်းရှိန်၊ မလေးရှားကြည်းတပ်အသင်းမှ တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်ကြသည်။

**သတင်းမှတ်စုနှင့် ဓာတ်ပုံ**
**ရှိုင်းထက်ဇော်**

**ရောဝတီယူနိုက်တက် - နှစ်ဂိုး**
**မလေးရှားကြည်းတပ် - တစ်ဂိုး**

၂၀၁၁ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ ရောဝတီယူနိုက်တက်အသင်းမှာ ဒုတိယပိုင်းသွင်းဂိုးများဖြင့် မလေးရှားကြည်းတပ်ကို အနိုင်ရရှိသွားသည်။ မလေးရှားကြည်းတပ်အသင်းမှာလည်း ပွဲဦးထွက်ပွဲတွင် ရန်ကုန်ယူနိုက်တက်ကို ရှုံးနိမ့်ထားသောကြောင့် အားထည့်ကစားခဲ့ပြီး ၃၆ မိနစ်တွင် ဘင်မူဆလင်က ပြစ်ဒဏ်ဘောမှတစ်ဆင့် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ သီဟစည်သူ(ဂိုး)၊ မင်းမင်းသူ၊ ဇော်ဇော်ဦးတို့ ဦးဆောင်ပါဝင်လာသည့် ရောဝတီအသင်းမှာ ပထမပိုင်းတွင် ဂိုးသွင်းအားနည်းမှုကို ဒုတိယပိုင်းတွင် အဆုံးသတ်နိုင်ခဲ့သည်။ မင်းမင်းသူက ၆၃ မိနစ်တွင် ချေပဂိုးပြန်သွင်းခဲ့ပြီး ၇၁ မိနစ်တွင် အနိုင်ဂိုး သွင်းယူနိုင်ခဲ့သည်။

**ရောဝတီအသင်း တိုက်စစ်ကို မလေးရှားကြည်းတပ် နောက်ခံလူများ ကာကွယ်စဉ်။**

**၂၁-၁၂-၂၀၁၁**
**(YUSCကွင်း)**
**နေပြည်တော်-မလေးရှားကြည်းတပ်**

# ဂရိတ်ဝေါအမျိုးသားတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲ

## ပိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

၂၀၁၁ ခုနှစ် (၁၂)ကြိမ်မြောက် ဂရိတ်ဝေါအမျိုးသားတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အထွေထွေအတွင်းရေးမှူး ဦးရော်ဘင်တင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဗိုလ်လုပွဲများအဖြစ် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ကျင်းပပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အသက်(၁၆)နှစ်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ သာမန်တန်း အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၄၅၊ ၅၅)နှစ် အထက် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲများတွင် ဆုရရှိသူများအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အထွေထွေအတွင်းရေးမှူး ဦးရော်ဘင်တင်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ၏ဇနီးက အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ သက်ထားသူဇာ၊ ဒုတိယဆုရ လဲ့လဲ့ရီနှင့် တတိယဆုရ ခင်ဂုဏ်ရည်လင်းတို့နှင့် အလွတ်တန်း အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ နေဇာလှိုင်နှင့် ဖူးပွင့်စံ၊ ဒုတိယဆုရ သက်ထားသူဇာနှင့် ခင်ဂုဏ်ရည်လင်း၊ တတိယဆုရ ထူးထူးရနှင့် အေးစုဝင်းအတွဲတို့အား လည်းကောင်း၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ ရဲမင်းအောင်၊ ဒုတိယဆုရ မျိုးမင်းထွန်း၊ တတိယဆုရ မျိုးဇော်ဦးနှင့် ပူးတွဲတတိယဆုရ အောင်ကြည်မင်းနှင့် အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ သက်ခိုင်နှင့် သံလွင်အောင်၊ ဒုတိယဆုရ ရဲမင်းအောင်နှင့် အသေးလေး၊ တတိယဆုရ အောင်ကြည်မင်းနှင့် အေးမင်းထွန်းတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တစ်ချက်တည်း ကျင်းဝင်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ဦးမောင်အောင်သည် ကစားဖော်များဖြစ်ကြသော ဦးထက်လွင်ထွန်း၊ ဦးဇော်ဝင်းထိုက်၊ ဦးမိုးကျော်စိန်၊ ဦးမျိုးမောင်မောင်တို့နှင့်အတူ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း (မြကန်သာ)၌ ဂေါက်ရိုက်ကစားစဉ် Srixon No.(4) ဘောလုံးကို Srixon I 506 Iron No.(6) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၉ ကိုက် အကွာအဝေးရှိ ကျင်းအမှတ်(၁၆) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(သတင်းစဉ်)

# အာဆင်နယ်ကွင်းလယ်ကစားသမား ရိုဆစ်စကီးအား ဂျာမန်ကလပ် ဝုဖ်ဘတ်စိတ်ဝင်စားနေ

**လန်ဒန် ဒီဇင်ဘာ ၁၈**

ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဝုဖ်ဘတ်အသင်းသည် လာမည့်အပြောင်းအရွှေ့ကာလအတွင်း အာဆင်နယ်ကွင်းလယ်ကစားသမား သောမတ်စ်ရိုဆစ်စကီး **(ယာပုံ)**အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ် ရိုဆစ်စကီးသည် ပြီးခဲ့သည့်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများဖြင့်သာ ရုန်းကန်နေရပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း လေးပွဲသာ လူစားလဲဝင်ရောက်ကစားခဲ့ရသည်။ ၎င်းအား အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက လာမည့်အပြောင်းအရွှေ့ဈေးကွက်တွင် ရောင်းထုတ်ရန် စီစဉ်နေသည်။

ဝုဖ်ဘတ်အသင်းနည်းပြ ဖယ်လီမာဂတ်သ်က သောမတ်စ်မှာ စိတ်ဓာတ်ပြင်းထန်သည့် ကစားသမားကောင်းတစ်ဦးဖြစ်ကြောင်း၊ အကယ်၍ ၎င်းသည် ဒဏ်ရာပြဿနာများ လွတ်ကင်းနေပါက ၎င်း၏ ခြေစွမ်းကို သံသယရှိရန် မလိုကြောင်း၊ မိမိတို့အနေဖြင့် ၎င်းကဲ့သို့ အတွေ့အကြုံရင့်ကျက်သည့် ကစားသမားများ လိုအပ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် မာဂတ်သ်သည် ရိုဆစ်စကီးအပြင် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူးအိုလစ်နှင့် ဘွန်ဒက်စ်လီဂါ ဂိုးသွင်းဘုရင်အဖြစ် ရေပန်းစားနေသူ မာရီယိုဂိုမက်ဇ်ကိုပါ ခေါ်ယူရန် ကြိုးပမ်းနေသည်။

***အင်တာနက်။***



# အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ပေါင်းစုံ (လူသစ်တန်း) ပိုက်ကျော်ခြင်းအဖွဲ့လိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်က ရွာမ အရှေ့ဆောက်လုပ်ရေးပင်မအလုပ်ရုံ(တောင်) ခန်းမကြီးတွင် ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ ပိုက်ကျော်ခြင်းအဖွဲ့လိုက်ပြိုင်ပွဲ ဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အားကစားမှူး၊ ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများနှင့် ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(၆၈၄)



# နိုင်ဂျီးရီးယား ယူ-၂၃ ကစားသမား လာဝယ်လ်အား စပါးအသင်း ပစ်မှတ်ထားနေ

**လန်ဒန် ဒီဇင်ဘာ ၁၈**

စပါးအသင်းသည် နိုင်ဂျီးရီးယား ယူ-၂၃ ကစားသမား ရာဟင်းမ်လာဝယ်လ်**(ဝဲပုံ)**အား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

အသက် (၂၁) အရွယ် လာဝယ်လ်သည် ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်က ကစားခဲ့သည့် အယ်လ်ဂျီးရီးယားအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သည်။ လာဝယ်လ်သည် ယခုလက်ရှိ စပိန်တတိယတန်းကလပ် အက်သလက်တီကိုဘယ်လီရာရက်စ်အသင်းတွင် ကစားနေပြီး ၎င်းအား လိုင်ယွန်နှင့် အီဂျစ်ကလပ် ဇာမာလက်စ်အသင်းတို့ကလည်း ပစ်မှတ်ထားနေကြသည်။ ***အင်တာနက်။***

# လီဗာပူးအတွက် ၁၃ ပွဲကစားပြီး အပိုဆုကြေး ပေါင် ၁၅၀၀၀၀ ရရှိမည့် အင်ဒီကာရိုး

**လီဗာပူး ဒီဇင်ဘာ ၁၈**

ပြီးခဲ့သည့် ဇန်နဝါရီလက နယူးကာဆယ်အသင်းမှ ပေါင် ၃၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သည့် လီဗာပူးတိုက်စစ်မှူး အင်ဒီကာရိုးသည် ယခုအချိန်အထိ လီဗာပူးအသင်းအတွက် ၁၃ ပွဲသာ ကစားထားပြီး လေးဂိုးသာ သွင်းယူထားနိုင်ခဲ့သော်လည်း အပိုဆုကြေး ပေါင် ၁၅၀၀၀၀ ကို လာမည့်ဇန်နဝါရီလအတွင်း လက်ခံရရှိမည်ဖြစ်သည်။

အသက် (၂၂)ရွယ် အင်ဒီကာရိုးသည် လီဗာပူးနှင့် စာချုပ်စဉ်က တစ်ပတ်လုပ်ခ ပေါင် ၆၀၀၀၀ သာ ရရှိသော်လည်း အဆိုပါစာချုပ်အတွင်း အခြားအချက်များ ပါဝင်နေသည်။ ယင်းတို့မှာ အကယ်၍ ၎င်းပွဲထွက်ကစားခွင့်ရခဲ့လျှင် အဆိုပါ ပွဲတစ်ပွဲအတွက် ပေါင် ၁၀၀၀၀ နှင့် ဂိုးတစ်ဂိုးသွင်းယူနိုင်ပါက ပေါင် ၅၀၀၀ အပိုဆုရရှိမည်ဟူ၍ ဖြစ်သည်။

ထို့ကြောင့် ကာရိုးမှာ လီဗာပူးအတွက် ၁၃ ပွဲ ကစားပေးထားသဖြင့် ပေါင် ၁၃၀၀၀၀ ရရှိပြီး လေးဂိုးသွင်းယူပေးနိုင်ခဲ့သဖြင့် ပေါင် ၂၀၀၀၀ တို့ကို အပိုဆုကြေးအဖြစ် ရရှိခဲ့ခြင်းဖြစ်သည်။

ကာရိုးသည် ပြီးခဲ့သည့်ဘောလုံးရာသီ နယူးကာဆယ်အသင်း၌ ရှိစဉ်က ၁၉ ပွဲတွင် ၁၁ ဂိုးသွင်းယူနိုင်သည်အထိ စွမ်းဆောင်နိုင်ခဲ့သောကြောင့် ၎င်းအား လီဗာပူးအသင်းက စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ သို့သော် ၎င်း၏ ခြေစွမ်းခြေစများနှင့် ဂိုးသွင်းစွမ်းရည်များသည် ဒဏ်ရာပြဿနာများရင်ဆိုင်ရစဉ်မှစ၍ တစ်စစ မှေးမှိန်ခဲ့ရသည်။

***အင်တာနက်။***

# ဟိန်းထက်လင်း

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

## ပါလီမန်ဒီမိုကရေစီစနစ်ကို စနစ်တကျမှန်ကန်စွာ လိုက်နာကျင့်သုံးခြင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်နိုင်မည် ယခုလျှောက်လှမ်းလျက်ရှိသည့် လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ပြီး နောက်ပြန်လှည့်ရန် ရည်ရွယ်ချက်မရှိ

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း**

## နှစ်နိုင်ငံ ကဏ္ဍစုံဆက်ဆံရေးအပြင် လွှတ်တော်အချင်းချင်းဆက်ဆံရေးကိုလည်း တိုးမြှင့်ရန်ဆန္ဒရှိ နှစ်နိုင်ငံ ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်း အဆက်အသွယ်များ ထူထောင်ရေးတွင် ပူးပေါင်းဆောင်ရွက်လို

**အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စ ပရာတီဘာဒေဗီဆင်း ပတေးလ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စ ပရာတီဘာဒေဗီဆင်း ပတေးလ်အား နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်ဝင်း ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် လေကြောင်းခရီးဖြင့် အိန္ဒိယသမ္မတနိုင်ငံသို့ ဆက်လက်ထွက်ခွာလာခဲ့ကြရာ ညပိုင်းတွင် နယူးဒေလီမြို့သို့ ရောက်ရှိကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် နယူးဒေလီမြို့ရှိ မဟတ္တမဂန္ဒီအထိမ်းအမှတ်ဂူဗိမာန်သို့ သွားရောက်ဂါရဝပြုကြပြီး လွမ်းသူ့ပန်းခွေချကာ ဆုတောင်းမေတ္တာပို့သကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အထိမ်းအမှတ်ဂူဗိမာန် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

**အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Mohammad Hamid Ansari နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ Kumar, Smt Meira တို့၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ယနေ့နံနက် ၉ နာရီ ၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Ms. Sripriya Ranganathan နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊

**စာမျက်နှာ ၉ ကော်လံ ၆ သို့ ✳**

